မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၆)၊ အမှတ် (၃၁၈)

လယ်ယာကဏ္ဍကိုအခြေခံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုလယ်ယာစနစ်ကူးပြောင်းရေး ကြိုးပမ်းဆောင်ရွက်

လယ်ယာသုံးစက်ကိရိယာပစ္စည်းများ၏ စွမ်းဆောင်မှုနှင့် အရည်အသွေးများ တိုးတက်ကောင်းမွန်အောင်ထုတ်လုပ်

ရန်ကုန် ဩဂုတ် ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကိရိယာစက်ရုံများ၏ လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့ စက်မှုလယ်ယာ စက်ရုံစုနယ်မြေရှိ စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကိရိယာစက်ရုံများ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရှေးဦးစွာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က ရန်ကုန်မြို့ရှိ လယ်ယာသုံး စက်ကိရိယာစက်ရုံများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ စက်ရုံအလိုက် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့ စက်မှုလယ်ယာ စက်ရုံစုနယ်မြေရှိ အမှတ်(၁) လယ်ယာသုံးစက်ကိရိယာတပ်ဆင်ရေးအလုပ်ရုံ၊ အမှတ်(၁) ပင်မစက်ပြင်အလုပ်ရုံ၊ အမှတ်(၃)နှင့် အမှတ်(၄) လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေးစက်ရုံ၊ မရမ်းကုန်းမြို့နယ် ၉မိုင်ရှိ အမှတ်(၁) လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးစက်ရုံများ၏ တည်နေရာနှင့် အကျယ်အဝန်း၊ ဝန်ထမ်းအင်အား၊ တပ်ဆင်ထားသည့် စက်ကိရိယာများ၊ ၂၀၀၇–၂၀၀၈ခုနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မရမ်းကုန်းမြို့နယ် ၉မိုင်ရှိ အမှတ်(၁) လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ကမ္ဘာတစ်လွှား အားကစားအညွှန်း

ဟာဂူဆန်နဲ့ အဲရစ်ဆင်တို့ ထိပ်တိုက်ဆုံတွေ့ပြီ

၂၀၀၇-၂၀၀၈ ပရီမီယာလိဂ် ဘောလုံးရာသီ တာအထွက်မှာ ခြေချော်ခဲ့တဲ့ လက်ရှိချန်ပီယံ မန်ယူအသင်းဟာ ဩဂုတ် ၁၉ရက် **(ယနေ့)** မှာ မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းနဲ့ ရင်ဆိုင်ကစားရပါတော့မယ်။

ကမ္ဘာတစ်လွှားအားကစား (စာ–၁၃)

တောင်ငူမြို့ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၈

စစ်တောင်းမြစ်ရေသည် ယနေ့နံနက်၆နာရီခွဲ တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၅၆၆စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ၆၀၀သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဩဂုတ် ၁၉ ရက်)

သား၊ ငါးကဏ္ဍ တိုးမြှင့်ထုတ်လုပ်ရေးကြိုးပမ်း ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်

နိုင်ငံတော်က သား၊ ငါးကဏ္ဍ၌ ထုတ်လုပ်မှုမြှင့်တင်နိုင်ရန် ရေငန်ငါးဖမ်းလုပ်ငန်းနှင့် ရေချို ငါးမွေးမြူရေးလုပ်ငန်းတို့ကို လုပ်ကိုင်လျက် ရှိသည်။

ငါး၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့် စသည်တို့သည် ပြည်တွင်းတွင်သာမက ပြည်ပတွင်ပါ ဈေးကွက်ရှိသော ရေထွက်ပစ္စည်းများ ဖြစ်ကြသည်။

ရေချိုငါးမွေးမြူရေးလုပ်ငန်းတွင် မြက်စားငါးကြင်း၊ ငါးမြစ်ချင်း၊ တီလားပီးယား၊ ငါးခုံးမကြီးတို့ကို အဓိက မွေးမြူကြသည်။

နိုင်ငံတော်က ဈေးကွက်အလားအလာကောင်းသော ရေချိုပုစွန်များ တိုးချဲ့မွေးမြူရန် ပုစွန်မွေးမြူရေး လုပ်ငန်းရှင်များကို အားပေးလျက် ရှိသည်။

ယခုအချိန်အခါသည် ငါးများရှင်သန်ကြီးထွား ပေါက်ပွားချိန်ဖြစ်၍ ငါး၊ ပုစွန် သယံဇာတ ပေါကြွယ်ဝရေးအတွက် အချို့ဒေသများ၌ မြစ်၊ ချောင်း၊ အင်းအိုင်များအတွင်း ငါး၊ ပုစွန်မျိုးများ စိုက်ထည့်ပေးလျက်ရှိသည့်အပြင် ရေနက်ကွင်း စပါးစိုက်ခင်းများတွင် ငါးမျိုးများ စိုက်ထည့်မွေးမြူသောစနစ်ကိုလည်း လုပ်ကိုင်လျက်ရှိသည်။

ထိုသို့ ငါး၊ ပုစွန်မျိုးများ စိုက်ထည့်မွေးမြူမှုများ တိုးချဲ့လုပ်ကိုင်လျက်ရှိသကဲ့သို့ တစ်ဖက်တွင် ရေချို ငါးထိန်းသိမ်းရေး၊ ငါးရစ်၊ ငါးသန်ဖမ်းဆီးခြင်းမှ ကာကွယ်တားဆီးရေးနှင့် ရေချိုငါး ရှင်သန်ပေါက်ပွားမွေးမြူနိုင်သည့်ရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်တားဆီးရန် ပညာပေးရေးလုပ်ငန်းများကိုလည်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်လျက် ရှိသည်။

သို့ဖြစ်ရာ ငါး၊ ပုစွန် သယံဇာတများပေါကြွယ်ဝပြီး ပြည်သူများ သား၊ ငါးဖူလုံစွာစားသုံးနိုင်ရေးအတွက် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ပန်းလှိုင်အိမ်ရာ သဇင်လမ်း အမှတ် (၁/က)နေ ဗိုလ်မှူးကြီး သာထွန်း(ငြိမ်း)မိသားစုက ငွေကျပ်နှစ်သိန်းကို လှူဒါန်းရာ စေတီတော်ဂေါပက အဖွဲ့ဝင် ဦးအေးကို၊ ဦးအုန်းကြိုင်တို့က လက်ခံရယူသည်။ **(အပေါ်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါစောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်အရှေ့ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်အရှေ့ပိုင်းခရိုင် ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်၇နာရီခွဲက ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်အားပေး ချီးမြှင့်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် ၂၀၀၇ခုနှစ် (၁၅)ကြိမ် မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲ ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** တေးသံရှင် များက ဖွင့်ပွဲအထိမ်းအမှတ် သီချင်းနှင့် တစ်ဦးချင်းသီဆိုမှု များဖြင့် လည်းကောင်း၊ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက အပျိုတော်အက၊ မြိုင်ထနှစ်ပါးသွားအက၊ အောင်စေ ပိုင်စေ အကများဖြင့် လည်းကောင်း ဖျော်ဖြေ တင်ဆက်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ဖျော်ဖြေရေး အစီအစဉ်တွင်ပါဝင်ခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြု ပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းကို ပေးအပ်ချီးမြှင့်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပါဝင်ယှဉ်ပြိုင်

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ရန်ကုန်အရှေ့ပိုင်း ခရိုင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ၏ အဆိုနှင့်အရေး ပြိုင်ပွဲများကို သဃ်န်းကျွန်း ပညာရေးကောလိပ်၌လည်းကောင်း၊ အကနှင့် အတီးပြိုင်ပွဲများကို သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ လည်း ကောင်း ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်း မြို့နယ် ၁၄မြို့နယ်မှ ပြိုင်ပွဲဝင် ဝါသနာရှင်အဆင့် (ပထမတန်း) ၆၅ ဦးနှင့် ဝါသနာရှင်အဆင့် (ဒုတိယတန်း) ၂၂၁ ဦး၊ စုစုပေါင်း ၂၈၆ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

မဟာစန္ဒာရုံ ဓမ္မရိပ်သာသို့ ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်မြို့ အမှတ်(၈၂)နတ်မောက်လမ်း မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ် အဆောင်မှူးဆရာတော် ဘဒ္ဒန္တပညာလင်္ကာရ တည်ထောင်ဆောက်လုပ်လျက်ရှိသော အမှတ်(၃)လမ်းမကြီးနှင့် ရွှေညောင်ပင်လမ်းဆုံအနီး ကုန်းတလပေါင် မင်္ဂလာဒုံမြို့နယ်ရှိ မဟာစန္ဒာရုံ ဝိပဿနာဓမ္မရိပ်သာ ယောဂီဆောင် အခန်းတစ်ခန်း တန်ဖိုးကျပ်သိန်း ၄၀၊ ဆရာတော်ကျောင်း နှစ်ထပ်တစ်ဆောင် ကျပ် ၂၁၆ သိန်း၊ ဓမ္မကထိကကျောင်း နှစ်ထပ်ဆောင် ကျပ် ၂၁၆ သိန်း ခန့်မှန်းတည်ဆောက်မည် ဖြစ်သည်။ နည်းများမဆို ပါဝင်လှူဒါန်းလိုသော အလှူရှင်များ ဆရာတော် ဘဒ္ဒန္တပညာလင်္ကာရ ဖုန်း-၀၉-၅၁၂၅၄၅၃၊ ဦးစန္ဒသိရိ(ရေကြည်) ဖုန်း-၀၉-၅၁၈-၁၇၅၇ နှင့်ဦးလှသန်း(ရေသန့်) ဖုန်း-၅၄၁၉၁၆၊ ၀၉-၅၁၉၄၀၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါရန် နိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ညောင်စာရေးတိုက်နယ်အသင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဩဂုတ် ၁၈

ရွှေတောင်မြို့နယ် ညောင်စာရေး တိုက်နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ ရန်ကုန်ရောက် တိုက်နယ်သူ တိုက်နယ်သားများ စုပေါင်း၍ ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ၂၀၀၆-၂၀၀၇ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင် အသင်းသူအသင်းသားများ၏ သားသမီးများအား ထောက်ပံ့ငွေချီးမြှင့်ပွဲကို ဩဂုတ် ၂၆ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ပဋ္ဌာနိကာယသာသနဗိမာန်ကျောင်းတိုက် သံယုတ္တနိကာယ် ကျောင်းဆောင်၌ ကျင်းပမည် ဖြစ်သည်။ အသင်းသူ အသင်းသားများ၊တိုက်နယ်သူ တိုက်နယ်သားများ မပျက်မကွက်တက်ရောက်ကြ ပါရန်နှင့် တက္ကသိုလ်ဝင် စာမေးပွဲအောင် စာရင်းကို ကြိုတင် ပေးပို့ကြရန်နှင့် ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို အသင်းတည်ရာ ဖုန်း-၅၆၄၁၆၀၊ ဥက္ကဋ္ဌ ဦးတင်ညွန့် ဖုန်း-၂၉၉၆၆၅၊ အတွင်းရေးမှူး ဦးဝင်းနိုင် ဖုန်း-၅၀၈၄၄၃၊ ဘဏ္ဍာရေးမှူး ဦးဝင်းဆွေ ဖုန်း-၀၉- ၅၁- ၃၄၄၄၉၊ အမှုဆောင် ဦးသိန်းနိုင် ဖုန်း-၀၉- ၅၁- ၃၀၄၄၀၊ အမှုဆောင် ဦးလှစော ဖုန်း-၆၆၅၈၀၃နှင့် အမှုဆောင် ဦးမြတ်မိုးနိုင် ဖုန်း-၀၉ ၅၁-၇၂၅၆၇ တို့သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အရှင်နန္ဒာစရိယ(ခက်သင်) အထူးတရားပွဲ

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ (ခက်သင်) သာသနဓဇ ဓမ္မာစရိယ၊ ဂဏဝါစက ဓမ္မာစရိယသည် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သာဓုကျောင်းတိုက် အရှေ့ပေါက် အနီးရှိ ဓမ္မာရုံကြီး၌ (ဝါခေါင် လဆန်း၈ရက်) ဩဂုတ်၂၁ရက် မွန်းလွဲ ၂နာရီတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မိုးကုတ်ဆရာ တော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည် ဖြစ်ရာ မည်သူမဆို တရား လာရောက်နာယူနိုင်ရန် နိုးဆော်ထား ကြောင်း သိရသည်။ **(က-ပ)**

● **ရှေ့ဖုံးမှ**

စစ်မှုလယ်ယာစနစ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီးအမှာစကားပြောကြားရာ နိုင်ငံတော်အစိုးရသည် စီးပွားရေးဦးတည်ချက် (၄)ရပ်အနက် စိုက်ပျိုးရေးကိုအခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဦးတည်ချက်နှင့်အညီစိုက်ပျိုးရေးကဏ္ဍ၌ လယ်ယာကဏ္ဍကိုအခြေခံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုလယ်ယာစနစ်ကိုကူးပြောင်းဆောင်ရွက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်ကထုတ်လုပ်ထားသည့် လယ်ယာ(၁၆) လက်တွန်းထွန်စက်နှင့် ပါဝါမြင့် လယ်ယာ (၂၂) လက်တွန်းထွန်စက်များ၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်နှင့် အခြောက်ခံစက်ကိရိယာများ၊ ခေတ်မီဆန်စပါး ကြိတ်ခွဲစက်များ၊ ခြေနင်းရေတင်စက်နှင့် အနိမ့်တင်၊ အမြင့်တင်ရေတင်စက်များ၊ အခြားလယ်ယာသုံးစက်ကိရိယာပစ္စည်းများ၏ စွမ်းဆောင်မှုနှင့် အရည်အသွေးများ တိုးတက်ကောင်းမွန်အောင်နှင့်သတ်မှတ်ရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ကြရန်လိုကြောင်း။

တီထွင်ကြံဆ

လယ်ယာသုံးစက်ကိရိယာ ပစ္စည်းများ၏ တီထွင်ကြံဆမှုမှ တစ်ဆင့်ပေါ်ထွက်လာမည့် ရလဒ်ကောင်းများမှာ နိုင်ငံတော်၏ လယ်ယာကဏ္ဍနှင့် တောင်သူများအတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့သည် မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့စက်မှုလယ်ယာ စက်မှုနယ်မြေရှိ အမှတ်(၄) လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြပြီး သံရည်ကျိုခြင်း၊ လယ်ယာသုံးစက်ကိရိယာများအတွက် Shaft များ၊ Gear များနှင့် နှစ်သွားလင်ပန်းထယ် ထုတ်လုပ်ဆောင်ရွက်နေမှု အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေကလိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အမှတ်(၁)လယ်ယာသုံးစက်ကိရိယာ တပ်ဆင်ရေးအလုပ်ရုံသို့ရောက်ရှိပြီး လယ်ယာ(၁၆)နှင့် (၂၂)တို့အတွက် အင်ဂျင်နှင့်ဂီယာဘောက်များ တပ်ဆင်ခြင်း ဆောင်ရွက်နေမှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အမှတ်(၁)ပင်မ စက်ပြင်အလုပ်ရုံ၌ လယ်ယာ(၂၂) လက်တွန်းထွန်စက်နှင့်ထွန်စက်ကြီးများ၏ အစိတ်အပိုင်းများ ထုတ်လုပ်နေမှုနှင့် ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အမှတ်(၃)လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံသို့ရောက်ရှိပြီး လယ်ယာ(၁၆)နှင့်လယ်ယာ(၂၂) လက်တွန်းထွန်စက်အတွက် အင်ဂျင်အစိတ်အပိုင်းများနှင့် ဓားစက်ထွန် (Blade Shaft) တို့ ထုတ်လုပ်မှု၊ Mould and Die များ ပြုလုပ်နေမှု အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

စက်ကိရိယာများကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်အတွက် နမူနာယူရန် ပြသထားသော Combine Harvester နှင့် စက်မှုလယ်ယာဦးစီးဌာနက စမ်းသပ်ထုတ်လုပ်ထားသော စက်ကိရိယာပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ပင်မပစ္စည်းသိုလှောင်ရုံ (က)၌ ကြက်ဆူကြားဆီ (Castor)မှ ဇီဝစက်ချောဆီ တစ်လလျှင် ဂါလန် ၂၀၀၀ထုတ်လုပ်နေမှုကိုလည်းကောင်း၊ စက်ရုံ၊ အလုပ်ရုံတို့ရှိ စက်ပစ္စည်းများနှင့် လယ်ယာသုံးထွန်စက်ကြီးများ တွင် အင်ဂျင်ဝိုင်၊ ဂီယာဝိုင်အဖြစ် အသုံးပြုရန် အတန်းအစားအလိုက်၊ ကဏ္ဍအလိုက် ထုတ်လုပ်ထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

စပါးအခြောက်ခံစက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စက်မှုလယ်ယာဦးစီးဌာန ကျိုက္ကလို့ စက်မှုလယ်ယာ စက်ရုံစုနယ်မြေ၌ စိုက်ပျိုးထားသော ခြစ်စည်းရိုး ကြက်ဆူပင်များကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်သော စပါးအခြောက်ခံစက်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ မရမ်းကုန်းမြို့နယ် ၉မိုင်ရှိ အမှတ်(၁) လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိပြီး လယ်ယာ(၁၆)နှင့် လယ်ယာ(၂၂)လက်တွန်းထွန်စက်များအတွက် ကိုယ်ထည်အစိတ်အပိုင်းများ ထုတ်လုပ်နေမှု၊ Gear Box များ သွန်းလောင်းနေမှု၊ Gear Box များကို စက်စားခြင်းဆောင်ရွက်နေမှု၊ လယ်ယာ(၁၆)နှင့် လယ်ယာ(၂၂) လက်တွန်းထွန်စက်များကို အပြီးသတ် တပ်ဆင်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

လျာထား

အဆိုပါ စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကိရိယာစက်ရုံများမှ ယခုနှစ် ၂၀၀၇-၂၀၀၈ခုနှစ်အတွင်း လယ်ယာ(၂၂) လက်တွန်းထွန်စက် အစီးပေါင်း ၁၅၀၀ ထုတ်လုပ်ရန် လျာထားသည့်အနက် ယခုအခါ အစီး ၅၈၀ ထုတ်လုပ်ပြီးဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုလ်ရာညွန့်လမ်း အမှတ် ၇၃နေ ဦးအေးနိုင်-ဒေါ်အေးသိန်း (မွေးနေ့အလှူတော်) မိသားစုက အမေရိကန် ဒေါ်လာတစ်ရာကို လှူဒါန်းရာ အကျိုးတော်ဆောင် ဒေါ်ကေသက်မော်က လက်ခံယူစဉ်။ (က-ပ)

မြန်မာနိုင်ငံ အပူပိုင်းဒေသသစ်တောစိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းစီမံကိန်း လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ Kokusal Kogyo ကုမ္ပဏီတို့၏ မြန်မာနိုင်ငံ အပူပိုင်းဒေသသစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းစီမံကိန်းလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဩဂုတ် ၁၇ရက် ညနေပိုင်းတွင် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးရုံး ကျွန်းရွှေဝါခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အားပေးသည်။ **(ဝဲအောက်ပုံ)**

အစီအစဉ်အရ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် ဂျပန်နိုင်ငံ Kokusal Kogyo ကုမ္ပဏီမှ စီမံကိန်းမန်နေဂျာ Mr. Nakamura Kinya တို့က အမှာစကားပြောကြားကြပြီး စီမံကိန်းလုပ်ငန်းများ ကြီးကြပ်ရန်အတွက် စာချုပ်လက်မှတ်ရေးထိုးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

* *အာကာသတွင် အမြီးနှင့်တူသော ကြယ်တံခွန်ကြီးတစ်ခုကို အမေရိကန် နက္ခတ္တဗေဒပညာရှင်များက ဩဂုတ် ၁၇ ရက်က စူးစမ်းရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ထိုကြယ်တံခွန်ကြီးသည် ကမ္ဘာမှအလင်းနှစ် ၃၅၀ ခန့်၌ တည်ရှိပြီး မီယာအမည်ရှိ ကြယ်တာရာ၏ အနောက်တွင်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။*

* ***အမေရိကန်နိုင်ငံ တက်ဆက်စ်ပြည်နယ်တွင် ဩဂုတ် ၁၇ ရက်က မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် ရှစ်ဦးသေဆုံးသွားကြောင်း၊ နေအိမ်နှင့် မော်တော်ယာဉ်များလည်း ပျက်စီးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။***

* *အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် ဩဂုတ် ၁၈ရက် မွန်းလွဲပိုင်းက လူနေအဆောက်အအုံတစ်ခုပြိုကျခဲ့ရာ ငါးဦး သေဆုံးခဲ့ကြောင်း၊ သေဆုံးသူငါးဦးမှာ မိသားစုတစ်စုတည်းမှဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

* ***ပီရူးနိုင်ငံတွင်လှုပ်ခဲ့သော ငလျင်ကြောင့် ဘေးဒုက္ခကြုံတွေ့နေသူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ရဟတ်ယာဉ်တစ်စင်း စက်ချွတ်ယွင်းသဖြင့် မြေပြင်သို့ အရေးပေါ်ထိုးဆင်းခဲ့ရာ ရဟတ်ယာဉ်ပေါ်ရှိ လူခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပီရူးမီဒီယာများက ဩဂုတ် ၁၇ ရက်၌ ဖော်ပြသည်။***

* *ဆိုက်ပရပ်စ်မှ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့သို့ ခရီးသည် ၁၃၆ ဦးအား တင်ဆောင်ပျံသန်းလာသော ခရီးသည်တင် လေယာဉ်တစ်စင်းကို ဩဂုတ် ၁၈ရက်က အမျိုးသားနှစ်ဦးက အပိုင်စီးကာ အီရန်နိုင်ငံသို့ မောင်းနှင်စေခဲ့ကြောင်း၊ ၎င်းတို့မှာ တူရကီနိုင်ငံသားတစ်ဦးနှင့် ဆီးရီးယားပတ်စ်ပို့ ကိုင်ဆောင်ထားသူတစ်ဦးဖြစ်ကြောင်း၊ လေယာဉ်မှူးက လောင်စာဆီမလုံလောက်သဖြင့် တူရကီနိုင်ငံ အနောက်တောင်ပိုင်း အင်တယ်လ်ယာမြို့ လေဆိပ်သို့ လေယာဉ်ကို ဆင်းသက်ခဲ့ပြီးနောက် ခရီးသည်များက လေယာဉ်တံခါးပေါက်မှ ခုန်ချထွက်ပြေးခဲ့ကြကြောင်း၊ နောက်ပိုင်း တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး အပိုင်စီးသူနှစ်ဦးက အဖမ်းခံခဲ့သဖြင့် လေယာဉ်အပိုင်စီးမှု အဆုံးသတ်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

* ***အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တောင်ဘက် နိုင်းမြစ်အတွင်း သင်္ဘောငယ်တစ်စီးပေါ်၌ ဩဂုတ် ၁၇ ရက်က မင်္ဂလာလက်ထပ်ပွဲတစ်ခု ကျင်းပစဉ် တိမ်းမှောက်သွားသဖြင့် လူကိုးဦးဒဏ်ရာရရှိပြီး အရေးပေါ်ကယ်ဆယ်နိုင်ခဲ့သော်လည်း အများအပြား ပျောက်ဆုံးလျက်ရှိကြောင်း အီဂျစ်မီဒီယာများက ဖော်ပြသည်။***

(အင်တာနက်)

စိုက်ပျိုးပြီးသီးနှံများ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် နှိုးဆော်

၁။ ယခုအခါ ဒေသအလိုက် မိုးရွာသွန်းမှုများခြင်း၊ မြစ်ရေကြီးခြင်းတို့ကြောင့် စိုက်ပျိုးသီးနှံများပျက်စီးဆုံးရှုံးမှု မဖြစ်စေရန်နှင့် ကြိုတင် ကာကွယ်မှုများ ဆောင်ရွက်နိုင်ကြရန်အပြင် အချိန်မီ အစားထိုး စိုက်ပျိုးနိုင်ရန်အတွက် အောက်ဖော်ပြပါ အချက်များကို လိုက်နာကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နှိုးဆော်အပ်ပါသည်။

(က) မိမိဒေသ၏ ရေမြေအခြေအနေနှင့်ဖြစ်ပေါ်ခဲ့သော ရေကြီးနစ်မြုပ်မှု မှတ်တမ်းများအရ လိုအပ်သော အထွက်ကောင်း သက်လျင်မျိုးများ ကြိုတင်စုဆောင်းထားရန်နှင့် အရန်ပျိုးများ ပိုမိုထောင်ထားပါ။

(ခ) မိမိဒေသတွင် အရန်ပျိုးများ မလုံလောက်ပါက နီးစပ်သည့်ဒေသများတွင် ညှိနှိုင်းဆောင်ရွက်ထားပါ။

(ဂ) အချိန်မီ ပြန်လည်စိုက်ပျိုး ပြီးစီးနိုင်ရေးအတွက် ထွန်ယက်ရေး အစီအမံများကို ကြိုတင်စီမံထားရှိပါ။

(ဃ) တစ်ကွက်ပေါ် တစ်ကွက်စိုက်စနစ်ဖြင့် ပြန်လည်စိုက်ပျိုးနိုင်အောင် စီစဉ်ထားရှိပါ။

(င) ပြန်လည်အစားထိုးစိုက်ပျိုးမည့် ကောက်စိုက်သမအဖွဲ့များ ဖွဲ့စည်းထားရှိပါ။

(စ) မိုးလယ်ကာလစောစောပိုင်းတွင် ရေကြီးနစ်မြုပ် ပျက်စီးပါက အထွက်ကောင်း သက်လျင်၊ သက်လတ်မျိုးကို သုံးပါ။

(ဆ) မိုးလယ်ကာလနှောင်းပိုင်းတွင် ဖြစ်ပွားပါက သက်လျင်မျိုးနှင့် ရာသီစပါးမျိုးကိုသုံးပါ။

(ဇ) မိုးနှောင်းကာလစောစောပိုင်းတွင် ဖြစ်ပွားပါက စပါးပင် သားတက်ခွဲ၍ စိုက်ပျိုးပါ။

(ဈ) မိုးနှောင်းကာလ နောက်ပိုင်းတွင် ဖြစ်ပွားပါက အခြားအစားထိုး သီးနှံဖြင့် အစားထိုးစိုက်ပျိုးပါ။

(ည) ရေကျ၍ ထိခိုက်သွားသော ဧရိယာများနှင့် ပြန်လည် စိုက်ပျိုးခင်းများတွင် ပိုးမွှားကျရောက်မှု ဖြစ်ပေါ်နိုင်၍ ပိုးမွှားကျရောက်မှု ရှိ၊မရှိ အမြဲစစ်ဆေးပါ။ ပိုးသတ်ဆေးနှင့်ဆေးဖျန်း ကိရိယာများ စုဆောင်းထားပါ။

(ဋ) ရေကြီးနစ်မြုပ်ပြီး၊ ရေကျသွားပါက ရွက်လိပ်/ရွက်ကပ်ပိုးနှင့် ငမြောင်တောင်ပိုးများ ကျရောက်တတ်သဖြင့် အချိန်မီဆေးပက်ဖျန်း ကာကွယ် နှိမ်နင်းမှုများပြုလုပ်ပါ။

(ဌ) ပိုးမွှားရောဂါကျရောက်ပါက အချိန်မီဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ အကြောင်းကြားပါ။

(ဍ) ထိခိုက်သွားသော ရေမြုပ်စိုက်ခင်းများနှင့် ပြန်လည်အစားထိုး စိုက်ခင်းများအတွက် ပုလဲဓာတ်မြေဩဇာများ ထည့်ပေးပါ။

၂။ သဘာဝဘေးဒဏ်ကြောင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားနှင့် လယ်ယာစီးပွားများ ထိခိုက်ပျက်စီးဆုံးရှုံးနိုင်သဖြင့် အခါအားလျော်စွာ သက်ဆိုင်ရာဌာနများမှထုတ်ပြန်သည့် သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်ရေးသတိပေး ထုတ်ပြန်ချက်၊ ဌာနဆိုင်ရာအဆင့်ဆင့်၏ ညွှန်ကြားချက်များကို လိုက်နာ၍ ဒေသဆိုင်ရာ အာဏာပိုင်များ၊ စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီများနှင့် ပူးပေါင်းပြီး သဘာဝဘေးဒဏ်ကြောင့် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ပါလျှင် ရေကြီးနစ်မြုပ်သည့် လယ်ယာမြေများအား အချိန်မီအမြန်ဆုံး အပြည့်အဝ ပြန်လည်စိုက်ပျိုးကြပါရန်နှင့် လိုအပ်သည့်အကူအညီများကို နီးစပ်ရာလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများထံ ရယူဆောင်ရွက်နိုင်ကြပါကြောင်း နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျောဖုံးမှ

ဒါပေမယ့် နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ အပိုဒ် ၂ အပိုဒ်ခွဲ(က)တွင် "နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်"လို့ ဖော်ပြခဲ့ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နှင့် အပိုဒ်(လ)တို့ရှိ "စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်" ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်၊မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်"
လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီ ရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ(၈)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

"နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က အပိုဒ် ၂ အပိုဒ်ခွဲ(က)တွင် **"နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်"**ဟု ဖော်ပြခဲ့ပါတယ်။ အဆိုပါ ဖော်ပြချက်အရ အနာဂတ်ကာလ မြန်မာနိုင်ငံမှာ ကျင့်သုံးမယ့် ဒီမိုကရေစီဟာ စစ်မှန်ရုံသာမက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဖြစ်ကြောင်း လေးနက်ပေါ်လွင်စေတဲ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့၊နောက် စကားရပ်ညီညွတ်စေဖို့ လိုအပ်ပါတယ်။

ဒါကြောင့် အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နဲ့ အပိုဒ်(လ)တို့ရှိ "စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း"
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ကို လေ့လာလိုက်သည့်အခါ ချမှတ်ပြီးအခြေခံမူနှင့် အသေးစိတ် အခြေခံရမယ့်မူများအနက် ဖြည့်စွက်ခြင်းအတွက် (၈)ချက်၊ ပြင်ဆင်ခြင်းအတွက် (၅)ချက်၊ ပယ်ဖျက်ခြင်းအတွက် (၁)ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်း (၁)ချက် စုစုပေါင်း (၁၅)ချက်ပါရှိတာ လေ့လာတွေ့ရှိရကြောင်း၊ ယင်း(၁၅)ချက်ကို ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်၊ ပြောင်းရွှေ့သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီက–

"နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နှင့် အပိုဒ်(လ)တို့ရှိ "စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ပါက ပိုမိုပြည့်စုံသောကြောင့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါတယ်"
လို့ ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

"အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ နိုင်ငံတော်အခြေခံမူများအခန်း ချမှတ်စဉ်က **"စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး"** ဟူ၍ ဦးတည်ချက် ပါရှိခဲ့ပါတယ်။ **"နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်"**ဟုလည်း ချမှတ်ခဲ့ပြီး နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ အပိုဒ် ၂ အပိုဒ်ခွဲ(က)တွင် "နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်"ဟု ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရာမှာ ရှေ့၊နောက်စကားရပ် ညီညွတ်စေဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နှင့် အပိုဒ်(လ)တို့ရှိ **"စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"**ဆိုတဲ့ စကားရပ်အစား "**စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက် အပိုဒ် ၄တွင် **"စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"**ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"**လို့ ဖြည့်စွက်၍ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်က–

"နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ အပိုဒ် ၂ အပိုဒ်ခွဲ(က) နိုင်ငံရေးပါတီများသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်လို့ ဖော်ပြခဲ့ပါတယ်။ အဲဒီဖော်ပြချက်မှာ လေ့လာကြည့်ရင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်လို့ သုံးနှုန်းထားတာ တွေ့ရပါတယ်။ ဒီလို သုံးနှုန်းထားတာဟာ အနာဂတ် ပြည်ထောင်စုမြန်မာနိုင်ငံမှာ ကျင့်သုံးရမည့် ဒီမိုကရေစီစနစ်သာ ဖြစ်ကြောင်း လေးနက်ပေါ်လွင်စေလို၍ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နှင့် အပိုဒ်(လ)တို့ရှိ **"စစ်မှန်သော ပါတီစုံဒီမိုကရေစီဆိုသည့် စကားရပ်အစား စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"**လို့ ဖြည့်စွက်၍ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်ကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

"အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ အသေးစိတ်အခြေခံရမည့်မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့်စပ်လျဉ်းပြီး သဘောတူထောက်ခံပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ 'ဝ' အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"၁၉၉၃ခုနှစ် စက်တင်ဘာလ ၁၆ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ နိုင်ငံတော်အခြေခံမူများအခန်းအတွက် အခြေခံမူများ ချမှတ်စဉ်က အပိုဒ်(ခ)ရှိ နိုင်ငံတော်၏ ဦးတည်ချက်နှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ် အပိုဒ်ခွဲ(၄)တွင် "စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး"အတွက် "နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်"ဟု လည်းကောင်း၊ အပိုဒ်(လ)တွင် "နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့်ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်မည်"ဟု လည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် အပိုဒ် ၂ အပိုဒ်ခွဲ(က)တွင် "နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်" လို့ ဖော်ပြခဲ့ပါတယ်။ ဒါကြောင့် "စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သည်မှာ သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ (၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း(၄)စောင်အနက်–

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်
- မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်အစုအဖွဲ့မှာ ပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမူထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

"အနာဂတ်ကာလ ကျွန်တော်တို့နိုင်ငံမှာ ကျင့်သုံးမယ့် ဒီမိုကရေစီစနစ်ဟာ စစ်မှန်ရုံသာမက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ဖြစ်ကြောင်း လေးနက်ပေါ်လွင်စေလို၍ လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရာတွင် ရှေ့၊နောက် စကားရပ် ညီညွတ်စေရန်အတွက် လည်းကောင်း **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"** လို့သာ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ) နဲ့ အပိုဒ်(လ)တို့ရှိ **"စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"** ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"** လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့် မူအဖြစ် ချမှတ်ရန်သင့်လျော်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ ဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

"နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်တဲ့အခါ အပိုဒ်(၂) အပိုဒ်ခွဲ(က)တွင် **"နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်"** လို့ ဖော်ပြခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာတွင် ရှေ့၊နောက် စကားရပ် ညီညွတ်စေရန် **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"** လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နှင့် အပိုဒ်(လ)တို့ရှိ **"စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်"** ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့က–

"နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ အပိုဒ် ၂ အပိုဒ်ခွဲ(က)တွင် **"နိုင်ငံရေးပါတီ တစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်"** လို့ ဖော်ပြခဲ့ပါတယ်။ **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"**လို့ သုံးနှုန်းထားတာဟာ အနာဂတ်ကာလ မြန်မာနိုင်ငံမှာ ကျင့်သုံးမယ့် ဒီမိုကရေစီစနစ်ဟာ စစ်မှန်ရုံသာမက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ စနစ်ဖြစ်ကြောင်း လေးနက်ပေါ်လွင်စေရန် လိုအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့၊နောက် စကားရပ် ညီညွတ်စေရန် **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"**လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နဲ့ အပိုဒ်(လ)တို့ရှိ **"စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"**ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

"အနာဂတ်ကာလ မြန်မာနိုင်ငံမှာကျင့်သုံးမယ့် ဒီမိုကရေစီစနစ်ဟာ စစ်မှန်ရုံသာမက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ဖြစ်ကြောင်း လေးနက်ပေါ်လွင်စေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့၊နောက် စကားရပ်ညီညွတ်စေရန်တို့အတွက် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နဲ့ အပိုဒ်(လ)တို့ရှိ **"စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်"**ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်"**လို့

စာမျက်နှာ ၅ ကော်လံ ၁ သို့

နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ အပိုဒ် ၂ အပိုဒ်ခွဲ(က) နိုင်ငံရေးပါတီများသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်လို့ ဖော်ပြခဲ့ပါတယ်။ အဲဒီဖော်ပြချက်မှာလေ့လာကြည့်ရင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်လို့ သုံးနှုန်းထားတာ တွေ့ရပါတယ်။ ဒီလို သုံးနှုန်းထားတာဟာ အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံမှာကျင့်သုံးရမည့် ဒီမိုကရေစီစနစ်သာ ဖြစ်ကြောင်း လေးနက်ပေါ်လွင်စေလို၍ ဖြစ်ပါတယ်။

ပြည်ထောင်စု တရားလွှတ်တော်ဆိုသည့် စကားရပ်အစား ပြည်ထောင်စု တရားလွှတ်တော်ချုပ်လို့ ပြည့်စွက်ချမှတ်သည်မှာသင့်လျော်

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကံညွန့် ကောက်နုတ်စုစည်းချက်ကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၈

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့်အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက် စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့် ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်း ဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၇ခုနှစ် ဩဂုတ်လ၆ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက–

“၁၉၉၃ခုနှစ် စက်တင်ဘာလ ၁၆ရက်နေ့တွင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ နိုင်ငံတော်အခြေခံမူများ အခန်းအတွက် အခြေခံမူများ ချမှတ်စဉ်က အပိုဒ်(ဈ)ရှိ တရားစီရင်ရေးနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ် အပိုဒ်ခွဲ(၁)တွင် **“နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတရားရုံးများ အပါအဝင် အဆင့်ဆင့်သော တရားရုံးများအား ခွဲဝေအပ်နှင်းသည်”**ဟုလည်းကောင်း၊ အပိုဒ်ခွဲ(၂)တွင် **“ပြည်ထောင်စုတွင် ပြည်ထောင်စုတရားလွှတ်တော်တစ်ရပ်ထားရှိသည်၊ ပြည်ထောင်စုတရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည်”**ဟုလည်းကောင်း၊ အပိုဒ်(၃)တွင် **“ပြည်ထောင်စုတရားလွှတ်တော်တွင် စာချွန်တော်အမိန့်များ ထုတ်ပိုင်ခွင့် အာဏာများရှိသည်”**ဟုလည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သည့်အခါ အပိုဒ်(၁)မှ အပိုဒ်(၉)အထိနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊ အပိုဒ်(၂)နှင့် အပိုဒ်(၈)တို့ရှိ အသေးစိတ်အခြေခံရမည့်မူများတွင် **“ပြည်ထောင်စုတရားလွှတ်တော်ချုပ်”**ဟု ဖော်ပြခဲ့ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ(၁)၊ (၂)၊ (၃)တို့ရှိ “ပြည်ထောင်စုတရားလွှတ်တော်”ဆိုတဲ့စကားရပ်အစား **“ပြည်ထောင်စုတရားလွှတ်တော်ချုပ်”** လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းချက်နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ (၈)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

“တိုင်းဒေသကြီးတရားလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်များမှာ သုံးနှုန်းထားတဲ့ **“တရားလွှတ်တော်”**ဆိုတဲ့ စကားရပ်နဲ့ တူညီမှုမရှိဘဲ ကွဲပြားစွာပေါ်လွင်စေရန်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ရှေ့၊ နောက် စကားရပ်များ ညီညွတ်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း မရှိစေရန်လည်းကောင်း၊ နိုင်ငံတော် အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ (၁)၊ (၂)၊ (၃)တို့ရှိ **“ပြည်ထောင်စု တရားလွှတ်တော်”**ဆိုတဲ့ စကားရပ်အစား **“ပြည်ထောင်စုတရားလွှတ်တော်ချုပ်”**လို့ ပြင်ဆင်ဖြည့်စွက်ပြီး အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

“အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ကို လေ့လာလိုက်သည့်အခါမှာ ချမှတ်ပြီးအခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ဖြည့်စွက်ခြင်းအတွက် (၈)ချက်၊ ပြင်ဆင်ခြင်းအတွက် (၅)ချက်၊ ပယ်ဖျက်ခြင်းအတွက်(၁)ချက်နှင့် ပြောင်းရွှေ့ဖော်ပြခြင်း (၁)ချက် စုစုပေါင်း (၁၅)ချက်ပါရှိတာ လေ့လာတွေ့ရှိရကြောင်း၊ ယင်း(၁၅)ချက်ကို ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်၊ ပြောင်းရွှေ့သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီက–

“နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ(၁)၊ (၂)၊ (၃) တို့ရှိ **“ပြည်ထောင်စုတရားလွှတ်တော်”**ဆိုတဲ့ စကားရပ်အစား **“ပြည်ထောင်စု တရားလွှတ်တော်ချုပ်”**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန်လည်း သင့်တော်ပါကြောင်း”ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်တဲ့ မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က

နိုင်ငံတော်အခြေခံမူများအခန်းအတွက် အခြေခံမူများချမှတ်စဉ်က အပိုဒ်ခွဲ (၂)တွင်**“ပြည်ထောင်စုတွင် ပြည်ထောင်စုတရားလွှတ်တော် တစ်ရပ်ထားရှိသည်။ ပြည်ထောင်စုတရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည်”** ဟု ချမှတ်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရာမှာ ရှေ့၊နောက် စကားရပ်များ ညီညွတ်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာ အကြောင်းများ ပေါ်ပေါက်မှု မရှိစေရန် လည်းကောင်း **“ပြည်ထောင်စုတရားလွှတ်တော်ချုပ်”**လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် **“ပြည်ထောင်စုတရားလွှတ်တော်”**ဆိုတဲ့ စကားရပ်အစား **“ပြည်ထောင်စုတရားလွှတ်တော်ချုပ်”**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ(၁)၊ (၂)၊ (၃) တို့ရှိ **“ပြည်ထောင်စုတရားလွှတ်တော်”**ဆိုတဲ့ စကားရပ်အစား **“ပြည်ထောင်စု တရားလွှတ်တော်ချုပ်”**လို့ ဖြည့်စွက်၍ အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က–

“တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သည့်အခါ အပိုဒ်(၁)မှ အပိုဒ်(၉)အထိနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊ အပိုဒ်(၂)နှင့် အပိုဒ်(၈)တို့ရှိ အသေးစိတ်အခြေခံရမည့်မူများတွင် “ပြည်ထောင်စုတရားလွှတ်တော်ချုပ်”ဟု ဖော်ပြခဲ့ပါတယ်။ အဲဒီဖော်ပြချက်မှာလေ့လာကြည့်ရင် တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်များမှာသုံးနှုန်းထားတဲ့“တရားလွှတ်တော်”ဆိုတဲ့ စကားရပ်နဲ့ တူညီမှုမရှိဘဲ ကွဲပြားခြားနားပေါ်လွင်စေလို၍ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရာမှာ ရှေ့၊ နောက်စကားရပ်များ ညီညွတ်စေရန် လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန် လည်းကောင်း “ပြည်ထောင်စုတရားလွှတ်တော်ချုပ်”လို့ သုံးစွဲသင့်ပါသည်။

နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ(၁)၊ (၂)၊ (၃)တို့ရှိ “ပြည်ထောင်စုတရားလွှတ်တော်”ဆိုတဲ့ စကားရပ်အစား“ပြည်ထောင်စုတရားလွှတ်တော်ချုပ်”လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

“အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့် စပ်လျဉ်းပြီး သဘောတူထောက်ခံပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ‘ဝ’ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သည့်အခါ အပိုဒ်(၁)မှ အပိုဒ်(၉)အထိနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊ အပိုဒ်(၂)နှင့် အပိုဒ်(၈)တို့ရှိ အသေးစိတ်အခြေခံရမည့်မူများတွင် **“ပြည်ထောင်စုတရားလွှတ်တော်ချုပ်”**ဟု ဖော်ပြခဲ့ပါတယ်။ အဲဒီဖော်ပြချက်မှာ တိုင်းဒေသကြီးတရားလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်များမှာ သုံးနှုန်းထားတဲ့ **“တရားလွှတ်တော်”**ဆိုတဲ့စကားရပ်နဲ့ တူညီမှုမရှိဘဲ ကွဲပြားစွာပေါ်လွင်စေလို၍ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့၊နောက်စကားရပ်များ ညီညွတ်စေရန်နှင့် နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန် နိုင်ငံတော်အခြေခံမူများ အခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ(၁)၊(၂)၊(၃)တို့ရှိ **“ပြည်ထောင်စုတရားလွှတ်တော်”** ဆိုတဲ့စကားရပ်အစား **“ပြည်ထောင်စုတရားလွှတ်တော်ချုပ်”**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သည်မှာ သင့်လျော်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း (၄)စောင်အနက်–

– တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်
– မြို (ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့ရဲ့သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ် အစုအဖွဲ့မှာ ပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

စာမျက်နှာ ၆ ကော်လံ ၁ သို့

စာမျက်နှာ ၄ မှ

ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က–

“နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ အပိုဒ် ၂ အပိုဒ်ခွဲ(က)တွင် **“နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်”** လို့ ဖော်ပြခဲ့တာကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရာမှာ ရှေ့၊နောက် စကားရပ်ညီညွတ်စေရန် **“စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်”**လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ)အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နဲ့ အပိုဒ်(လ)တို့ရှိ **“စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်”ဆိုတဲ့ စကားရပ်အစား “စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်”**လို့ ဖြည့်စွက်၍ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

“နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများချမှတ်တဲ့အခါ ယင်းအပိုဒ် ၂ အပိုဒ်ခွဲ(က)မှာ **“နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်”**လို့ “စည်းကမ်းပြည့်ဝသော”ဆိုတဲ့ စကားရပ်ထည့်သွင်းဖော်ပြထားပါတယ်။ အနာဂတ်မြန်မာနိုင်ငံမှာ ကျင့်သုံးမယ့် ဒီမိုကရေစီစနစ်ဟာလည်း စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်သာ ဖြစ်သင့်တာမို့ ယခင်ရေးသားသုံးနှုန်းခဲ့တဲ့ နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နဲ့ အပိုဒ်(လ) စာသားများမှာ**“စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်”**လို့ ဖြည့်စွက်၍ အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က–

“နိုင်ငံရေးပါတီများ အခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ အပိုဒ် ၂ အပိုဒ်ခွဲ(က)တွင် **“နိုင်ငံရေးပါတီ တစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်”**လို့ သုံးနှုန်းထားတာ တွေ့ရပါတယ်။ အနာဂတ်ကာလမှာ မြန်မာနိုင်ငံတွင် ကျင့်သုံးမယ့် ဒီမိုကရေစီစနစ်ဟာ စစ်မှန်ရုံသာမက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ဖြစ်ကြောင်း လေးနက်ပေါ်လွင်စေရန်အတွက် **“စည်းကမ်းပြည့်ဝသော”**ဆိုသည့် စကားရပ်ကို ဖြည့်စွက်ဖော်ပြသင့်ကြောင်း တွေ့ရှိရပါတယ်။ ထိုသို့ ဖြည့်စွက်ဖော်ပြခြင်းဖြင့် ရှေ့၊နောက် ဖော်ပြချက်များလည်း လိုက်လျောညီထွေ ရှိစေမှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နဲ့ အပိုဒ်(လ)တို့ရှိ **“စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်”** ဆိုတဲ့ စကားရပ်အစား **“စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်”**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

“နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နဲ့ အပိုဒ်(လ)တို့ရှိ **“စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်”**ဆိုတဲ့ စကားရပ်အစား **“စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်”**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။

နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်ဟု ပြင်ဆင်ချမှတ်သင့်

ရန်ကုန် ဩဂုတ် ၁၈

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက် စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုည့်ကျသဘာပတိအဖွဲ့ဝင် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်း ဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"၁၉၉၆ ခုနှစ် မတ်လ၂၉ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ်၂၂ အပိုဒ်ခွဲ(ဇ)တွင် "သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဥက္ကဋ္ဌအားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်အားလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရာတွင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်" လို့ ဖော်ပြခဲ့ပါတယ်။

အဲဒီ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ အပိုဒ် ၃၄ အပိုဒ်ခွဲ (ဆ)တွင် "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌသည် ရာထူးအလျောက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဖြစ်သည်။ သို့ဖြစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး နှင့်စပ်လျဉ်းပြီး ခန့်ထားသည့် နည်းလမ်းမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိ သည့်ပြဋ္ဌာန်းချက်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌနှင့်လည်း သက်ဆိုင်စေရမည်"လို့ ဖော်ပြခဲ့ ပါတယ်။

အပိုဒ် ၂၂ အပိုဒ်ခွဲ(င)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌ များ၏ အမည်စာရင်းနှင့် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ဖို့ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်းပါ ပုဂ္ဂိုလ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ် တာဝန်ပေးနိုင်ဖို့ နိုင်ငံတော်သမ္မတထံ တင်ပြရမှာဖြစ်ပါတယ်။

အပိုဒ် ၂၂ အပိုဒ်ခွဲ(ဇ)အရဆိုလျှင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌကိုလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်နိုင်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်ကိုသော်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် အလိုအလျောက် တာဝန်ပေးခန့်အပ်ရမှာ ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

တင်ပြ

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင် အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း ကောက်နုတ်စုစည်းချက်များ ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

ဒေသဥက္ကဋ္ဌသည် လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်နိုင်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ် သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အတွက် သတ်မှတ်ထားသော အခြားအရည်အချင်းများနဲ့ ပြည့်စုံသော်လည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးအတွက် သတ်မှတ်ထားတဲ့အသက် ၃၅နှစ်အောက် လျော့နည်းနေသူ ဖြစ်နိုင်ပါတယ်။

ဒါပေမယ့် အပိုဒ် ၂၂ အပိုဒ်ခွဲ(ဇ)တွင် "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ စဉ်းစားနိုင်သည်"လို့ သုံးနှုန်းထားတဲ့အတွက် နိုင်ငံတော်သမ္မတအနေနဲ့ အသက် ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပေးခြင်းမပြုဘဲ နေနိုင်တဲ့သဘော သက်ရောက် နေပါတယ်။ ဒါကြောင့် ဖော်ပြပါ အသေးစိတ်အခြေခံရမယ့်မူကို ချမှတ်ရတဲ့ မူလရည်ရွယ်ချက် အနှစ်သာရအတိုင်း ပေါ်လွင်စေရန်လည်းကောင်း၊ နောင်တစ်ချိန် မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှု မရှိစေရန်လည်းကောင်း "အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂ အပိုဒ်ခွဲ(ဇ)ရှိ "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက် ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်" ဆိုတဲ့စကားရပ်အစား **"နိုင်ငံတော် သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ် ချက်ကို လျှော့ပေါ့ပေးရမည်"** လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင် ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်"

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းချက်နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ (၈)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီက–

"အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့် မူများချမှတ်စဉ်က အပိုဒ် ၂၂ အပိုဒ်ခွဲ(ဇ)တွင် **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"** လို့ သုံးနှုန်းထားတဲ့အတွက် နိုင်ငံတော်သမ္မတ အနေနဲ့ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပေးခြင်း မပြုဘဲနေနိုင်တဲ့ သဘော သက်ရောက်နေပါတယ်။ အသေးစိတ်အခြေခံရမယ့်မူကို ချမှတ်ရတဲ့ မူလရည်ရွယ်ချက်၊ အနှစ်သာရအတိုင်း ပေါ်လွင်စေရန် လည်းကောင်း၊ နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန်လည်းကောင်း၊ **"အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ စဉ်းစားနိုင်သည်"** ဟူသော စကားရပ်အစား "အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"ဟူ၍ ပြင်ဆင်ပြီး အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂ အပိုဒ်ခွဲ(ဇ)ကို **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"** လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်လျော်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက် ကို လေ့လာလိုက်သည့်အခါ ချမှတ်ပြီးအခြေခံမူနှင့် အသေးစိတ်အခြေခံရမယ့် မူများအနက် ဖြည့်စွက်ခြင်းအတွက် (၈)ချက်၊ ပြင်ဆင်ခြင်းအတွက် (၅)ချက်၊ ပယ်ဖျက်ခြင်းအတွက် (၁)ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်း (၁)ချက် စုစုပေါင်း (၁၅)ချက်ပါရှိတာ လေ့လာတွေ့ရှိရကြောင်း၊ ယင်း (၁၅)ချက်ကို ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်၊ ပြောင်းရွှေ့သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီက–

"အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂ အပိုဒ်ခွဲ (ဇ)ရှိ "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက် ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"ဆိုတဲ့ စကားရပ်အစား **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက် ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

"အပိုဒ် ၂၂ အပိုဒ်ခွဲ(ဇ)တွင် **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"**လို့ သုံးနှုန်းထားတဲ့အတွက် လျှော့ပေါ့စဉ်းစားခြင်းမပြုဘဲ နေနိုင်တဲ့ သဘော သက်ရောက်နေပါတယ်။ အသေးစိတ်အခြေခံရမယ့်မူကို ချမှတ်ရတဲ့

စာမျက်နှာ ၇ ကော်လံ ၁ သို့

စာမျက်နှာ ၅ မှ

"တိုင်းဒေသကြီးတရားလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်များမှာ သုံးနှုန်းထားတဲ့ **"တရားလွှတ်တော်"**ဆိုတဲ့ စကားရပ်နဲ့ တူညီမှုမရှိဘဲ ကွဲပြား ပေါ်လွင်စေရန်အတွက် လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာ အကြောင်း ပေါ်ပေါက်မှုမရှိစေရန်အတွက် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့၊ နောက်စကားရပ်များ ညီညွတ်စေရန်အတွက် လည်းကောင်း၊ **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲငယ်(၁)၊ (၂)နှင့်(၃)တို့ရှိ **"ပြည်ထောင်စုတရားလွှတ်တော်"**ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စု တရားလွှတ်တော်ချုပ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့် မူအဖြစ် ချမှတ်ရန်သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ် များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

"တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့် မူများ ချမှတ်သည့်အခါ အပိုဒ်(၁)မှ အပိုဒ်(၉)အထိနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊ အပိုဒ်(၂)နှင့် အပိုဒ်(၈)တို့ရှိ အသေးစိတ် အခြေခံရမည့်မူများတွင် **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**ဟုဖော်ပြခဲ့ပါ တယ်။ အဲဒီဖော်ပြချက်မှာ လေ့လာကြည့်ရင် တိုင်းဒေသကြီးတရားလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်များမှာ သုံးနှုန်းထားတဲ့ **"တရားလွှတ်တော်"**ဆိုတဲ့ စကားရပ်နဲ့ တူညီမှုမရှိဘဲ ကွဲပြားစွာ ပေါ်လွင်နေပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ(မူကြမ်း)ရေးဆွဲရာမှာ ရှေ့၊နောက်စကားရပ်များ ညီညွတ်စေရန် လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှု မရှိစေရန် လည်းကောင်း **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**လို့သုံးနှုန်းသင့်ပါ တယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ(၁)၊ (၂)နှင့် (၃)တို့ရှိ **"ပြည်ထောင်စုတရားလွှတ်တော်"** ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့် မူအဖြစ် ချမှတ်ရန်သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

"တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့် မူများ ချမှတ်သည့်အခါ အပိုဒ်(၁)မှ အပိုဒ်(၉)အထိနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊ အပိုဒ်(၂)နှင့် အပိုဒ်(၈)တို့ရှိ အသေးစိတ် အခြေခံရမည့်မူများတွင် **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**ဟုဖော်ပြခဲ့ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ(၁)၊ (၂)၊ (၃)တို့ရှိ **"ပြည်ထောင်စုတရားလွှတ်တော်"**ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စု တရားလွှတ်တော်ချုပ်"** လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့် မူအဖြစ် ချမှတ်ရန်သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူ လယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

"ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ရေးဆွဲရာမှာ ရှေ့၊နောက် စကားရပ် များ ညီညွတ်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှု မရှိစေရန်လည်းကောင်း နိုင်ငံတော်အခြေခံမူများ အခန်းရှိ အပိုဒ် (ဈ) အပိုဒ်ခွဲ (၁)၊ (၂)၊ (၃)တို့ရှိ **"ပြည်ထောင်စုတရားလွှတ်တော်"** ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**လို့ ဖြည့်စွက်၍ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က–

"နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ(၁)၊ (၂)၊ (၃) တို့ရှိ **"ပြည်ထောင်စုတရားလွှတ်တော်"**ဆိုတဲ့စကားရပ်အစား**"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**လို့ဖြည့်စွက်၍အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

"ယခင် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ် (ဈ) အပိုဒ်ခွဲ (၁)၊ (၂)၊ (၃)တို့မှာ ပါရှိတဲ့ **"ပြည်ထောင်စုတရားလွှတ်တော်"**ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**လို့ ပြင်ဆင်ဖြည့်စွက်မှုမှာလည်း ကြောင်းကျိုး ညီညွတ်တဲ့အတွက် ဖြည့်စွက်ပြီး အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့် ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့က–

"ပြည်ထောင်စုတရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံး ဖြစ်တာကြောင့် တိုင်းဒေသကြီး တရားလွှတ်တော်၊ ပြည်နယ်တရားလွှတ် တော်တို့နှင့် တူညီမှုမရှိဘဲ ကွဲပြားစွာပေါ်လွင်စေဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရာတွင် အပိုဒ်(၁)မှ အပိုဒ်(၉)အထိနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာ ခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊ အပိုဒ်(၂)နှင့် အပိုဒ်(၈)တို့တွင် **"ပြည်ထောင်စု တရားလွှတ်တော်ချုပ်"**ဟုဖော်ပြခဲ့တာကြောင့် ရှေ့၊နောက် စကားရပ်များ ညီညွတ် စေရန် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ(၁)၊ (၂)၊ (၃)တို့ရှိ **"ပြည်ထောင်စုတရားလွှတ်တော်"**ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စု တရားလွှတ်တော်ချုပ်"**လို့ ဖြည့်စွက်ပြီး အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြား သင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့က–

"နိုင်ငံတော်အခြေခံမူများအခန်း အပိုဒ်(ဈ) အပိုဒ်ခွဲ(၁)၊ (၂)၊ (၃) ရှိ **"ပြည်ထောင်စုတရားလွှတ်တော်"**ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စု တရားလွှတ်တော်ချုပ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။

19-8 (06) 1 8/19/07, 1:39 AM

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်

ရန်ကုန် ဩဂုတ် ၁၈

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသား ညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာ မောင်မောင်ဝင့် ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်း ဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၇ခုနှစ် ဩဂုတ်လ ၆ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက–

“၁၉၉၆ခုနှစ် မတ်လ ၂၉ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမယ့်မူများချမှတ်စဉ်က အပိုဒ် ၂၂ အပိုဒ်ခွဲ(ဃ)တွင်–

“(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် နိုင်ငံတော် သမ္မတအား တာဝန်ခံရမည်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း တာဝန်ခံရမည်”လို့ ဖော်ပြခဲ့ပါတယ်။

အပိုဒ် ၂၈ အပိုဒ်ခွဲ(စ)တွင်“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်”ဟုလည်းကောင်း၊

အပိုဒ် ၃၁ အပိုဒ်ခွဲ(င)တွင်“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်”ဟုလည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဒါကြောင့် အပိုဒ် ၂၈ အပိုဒ်ခွဲ(စ)အဖြစ်–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်ကောက်နုတ် စုစည်းချက်များ ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

(၂) ပြည်ထောင်စုရှေ့နေချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် အားလည်းကောင်း တာဝန်ခံရမည်”

ဟုလည်းကောင်း၊

အပိုဒ် ၃၁ အပိုဒ်ခွဲ (င)အဖြစ်–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်–

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

စာမျက်နှာ ၆ မှ

မူလရည်ရွယ်ချက် အနှစ်သာရအတိုင်း ပေါ်လွင်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန်လည်းကောင်း **“နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်”**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်သင့်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂ အပိုဒ်ခွဲ(ဈ)ရှိ “နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်”ဆိုတဲ့ စကားရပ်အစား**“နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်”**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်လျော်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်က–

“အပိုဒ် ၂၂ အပိုဒ်ခွဲ (ဈ)တွင် “နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်”လို့ သုံးနှုန်းထားတဲ့အတွက် နိုင်ငံတော်သမ္မတအနေနဲ့ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားခြင်းမပြုဘဲ နေနိုင်တဲ့သဘော သက်ရောက်နေပါတယ်။ ဒါကြောင့် ဖော်ပြပါ အသေးစိတ်အခြေခံရမယ့်မူကို ချမှတ်ရတဲ့ မူလရည်ရွယ်ချက်အနှစ်သာရအတိုင်း ပေါ်လွင်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှု မရှိစေရန်လည်းကောင်း “အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်”လို့ သုံးနှုန်းသင့်ပါသည်ဆိုသော စကားရပ်နှင့်အညီ အပိုဒ် ၂၂ အပိုဒ်ခွဲ (ဈ)ရှိ “နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်”ဆိုတဲ့ စကားရပ်အစား**“နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်”**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်ကြောင်း”
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီက–

“ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့်စပ်လျဉ်းပြီး သဘောတူထောက်ခံပါကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“အသေးစိတ်အခြေခံရမယ့်မူကိုချမှတ်ရတဲ့ မူလရည်ရွယ်ချက်၊ အနှစ်သာရအတိုင်း ပေါ်လွင်စေရန်နှင့်နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန် အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂ အပိုဒ်ခွဲ(ဈ)အား **“နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်”** လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန်သင့်လျော်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း (၄)စောင်အနက်–

– တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်
– မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်အစုအဖွဲ့မှာ ပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် ရှာင်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

“မူလရည်ရွယ်ချက် အနှစ်သာရအတိုင်း ပေါ်လွင်စေရန်အတွက် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်းများ မပေါ်ပေါက်စေရန်အတွက် လည်းကောင်း၊ အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂ အပိုဒ်ခွဲ(ဈ)ကို**“နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်”**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

“အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အပိုဒ်၂၂ အပိုဒ်ခွဲ(ဈ)ရှိ “နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်”ဆိုတဲ့ စကားရပ်အစား **“နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်”**လို့ အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်လျော်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

“အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ်၂၂ အပိုဒ်ခွဲ(ဈ)တွင် “နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်”လို့ သုံးနှုန်းထားတဲ့အတွက် နိုင်ငံတော်သမ္မတအနေနဲ့ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပေးခြင်းမပြုဘဲ နေနိုင်တဲ့သဘော သက်ရောက်နေပါတယ်။ နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန် **“အသက် ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်”**လို့ သုံးနှုန်းသင့်ပါတယ်။

ဒါကြောင့် အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂ အပိုဒ်ခွဲ(ဈ)ရှိ **“နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်”**ဆိုတဲ့ စကားရပ်အစား **“နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်”**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

“အသေးစိတ်အခြေခံရမယ့်မူကို ချမှတ်ရတဲ့မူလရည်ရွယ်ချက်၊ အနှစ်သာရအတိုင်း ပေါ်လွင်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားစရာအကြောင်း ပေါ်ပေါက်မှုမရှိစေရန်လည်းကောင်း အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်း အပိုဒ်၂၂ အပိုဒ်ခွဲ(ဈ)ပါ စကားရပ်အား **“နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်”**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်သင့်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က–

“အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂ အပိုဒ်ခွဲ(ဈ)ရှိ **“နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်”** ဆိုတဲ့စကားရပ်အစား **“နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်”**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်သင့်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

“မူလရည်ရွယ်ချက်၊ အနှစ်သာရအတိုင်း ပေါ်လွင်စေဖို့နှင့် နောင်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုမျိုး မဖြစ်စေရအောင် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ရန်စဉ်းစားနိုင်သည် ဆိုသည့်အစား **“အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်”**ဟု ပြင်ဆင်ချမှတ်ရန် သင့်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က–

“အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂ အပိုဒ်ခွဲ(ဈ)ရှိ “နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်”ဆိုတဲ့ စကားရပ်အစား **“နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်”**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့က–

အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂ အပိုဒ်ခွဲ(ဈ)ရှိ “နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်” ဆိုတဲ့စကားရပ်အစား **“နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်”**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်သင့်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေးအဖွဲ့အား တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ပို့ဆောင်နှုတ်ဆက်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Jinan Military Region Command မှ Political Commissar General, Liu Dongdong အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးအလည်အပတ် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ Political Commissar General, Liu Dongdong ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် Political Commissar General, Liu Dongdong ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel, Fan Lian Feng နှင့်အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လက်ဆောင်ပေးအပ်

ထိုသို့ ပြန်လည်မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဧည့်ခန်းမတွင် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက Political Commissar General, Liu Dongdong အား ခရီးစဉ်မှတ်တမ်း ဗွီစီဒီကို လက်ဆောင်အဖြစ် ပေးအပ်သည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

(၁၉–၈–၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ရောက်ရှိ၊ ကျောက်မျက်ရတနာပြတိုက်လေ့လာ

ရန်ကုန် ဩဂုတ် ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ Political Commissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel, Fan Lian Feng နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၁၇ရက် နံနက်၉နာရီခွဲတွင် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် Political Commissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Jinan Military Region Command မှ Political Commissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel, Fan Lian Feng နှင့် တာဝန်ရှိသူများလိုက်ပါ၍ မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ကြိုဆို

အဆိုပါ ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် ပြတိုက်မှူး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းလတ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ Political Commissar General, Liu Dongdong ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မြရိပ်ညိုဟိုတယ်မှ အနုပညာရှင်များ၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အကများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ Political Commissar General,Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ယမန်နေ့ည၇နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ကပြဖျော်ဖြေ

ညစာမသုံးဆောင်မီ မြရိပ်ညိုဟိုတယ်မှ အနုပညာရှင်များက မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အကများဖြင့် ကပြဖျော်ဖြေကြသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မြဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်၊ တပ်မတော်ဆေးတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ရာပြည့်၊ တပ်မတော်အရာရှိကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel, Fan Lian Feng တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

NLD ၏ လုပ်ရပ်များကို လက်မခံနိုင်တော့၍ မော်လမြိုင်ကျွန်းမြို့နယ်မှ ပါတီဝင်၁၅ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဩဂုတ် ၁၈

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးခင်မောင်အေး၊ ဦးမြင့်သောင်း၊ ဦးမြဝင်း၊ ဦးမောင်ထွေး၊ ဦးဝင်းနိုင်နှင့် ဦးလွန်းတို့အပါအဝင် ပါတီဝင် ၁၅ဦးတို့သည် ဩဂုတ်၁၀ရက်က ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

တိုင်းပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့သို့ပေးပို့သောနုတ်ထွက်လွှာတွင် NLDပါတီ၏လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ပါတီဝင်အဖြစ်ဆက်လက်ပါဝင်ဆောင်ရွက်လိုခြင်းမရှိသဖြင့် ၎င်းတို့ သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ပြည်ပမီဒီယာများ စာပေနှင့်အသံလွှင့်ဌာနများမှတစ်ဆင့် နည်းမျိုးစုံသုံး ထိုးနှက်လုပ်ဆောင် မဟုတ်မမှန် ထုတ်လွှင့်မှုများမခံရအောင် မီဒီယာနည်းဖြင့် ပြန်လည်တန်ပြန်ဆင်နွှဲ စာပေ၊ ဂီတ၊ ရုပ်ရှင် အဆင့်အတန်း တိုးတက်မြင့်မားလာအောင် ပိုမိုကြိုးစားစိစစ်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ၂၀၀၆–၂၀၀၇ခုနှစ်တွင် ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သိန်းအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(အေ) ခန်းမ၌ ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖွဲ့စည်းဆောင်ရွက်ရသော ကော်မတီအဖွဲ့များ၌ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့သည့် ပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့များ၌ ပါဝင်ဆောင်ရွက်ခဲ့ကြသော ပညာရှင်များအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

ဂုဏ်ပြုပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ်များနှင့် အကြံပေးအရာရှိများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသောကော်မတီ၊ အဖွဲ့များမှ ပညာရှင်ဆရာကြီးများ၊ ဆရာမကြီးများ၊ အထူးဖိတ်ကြားထားသူများနှင့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဂုဏ်ပြုပွဲ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာ၌ ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက် တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့် စာပေ၊ ရုပ်ရှင်၊ ဂီတတို့မှ ပညာရှင်များအား ဂုဏ်ပြုသည့် အခမ်းအနားဖြစ်ကြောင်း၊ ယင်းပညာရှင်များသည် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် အမျိုးသားရေးအမြင်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသဖြင့် ယခုအကြိမ် ဂုဏ်ပြုခြင်းသည် ဒုတိယအကြိမ်မြောက် ဖြစ်ပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနသည် ပင်မတာဝန်များအပြင် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့၊ ပခုက္ကူဦးအုံးဖေ စာပေဆု စိစစ်ရေးအဖွဲ့၊ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့၊ ရုပ်ရှင်ဆင်ဆာအဖွဲ့၊ ဗီဒီယိုဆင်ဆာအဖွဲ့၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ဟောင်း တေးသီချင်း စိစစ်ရေးအဖွဲ့၊ ခေတ်ပေါ်တေးဂီတ စိစစ်ရေးအဖွဲ့၊ မြန်မာသီချင်းကြီး ဂီတရွေးချယ် စိစစ်ရေးအဖွဲ့တို့ကို တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းအဖွဲ့တို့တွင် နိုင်ငံ့ဝန်ထမ်းများ၊ အကြံပေးပုဂ္ဂိုလ်များနှင့် ပြင်ပမှ ပညာရှင်များ ပါဝင်လျက်ရှိကြောင်း။

အလေးထားဂုဏ်ပြု

အဆိုပါပညာရှင်များသည်နယ်ပယ်ကဏ္ဍအသီးသီးတို့၌ အတွေ့အကြုံ၊ ပညာဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ ကျွမ်းကျင်မှု၊ တီထွင်လုပ်ဆောင်ပေးမှုစသည်တို့နှင့် ပြည့်စုံသည့် ပညာဂုဏ်၊ အသက်အရွယ်ကြီးရင့်ကြသော်လည်း နိုင်ငံတော်ကပေးအပ်လာသော တာဝန်ဝတ္တရားများအပေါ် အပင်ပန်းခံ ကြိုးစားဆောင်ရွက်ပေးခဲ့သော စေတနာနှင့် လုပ်အားဂုဏ်၊ လုပ်ငန်းများကို စိစစ်အကဲဖြတ်ရာတွင် မှန်မှန်ကန်ကန်၊ မျှမျှတတနှင့် အဂတိတရား လေးပါးကင်းရှင်းစွာဖြင့် ဆောင်ရွက်ပေးကြသည့် သိက္ခာဂုဏ်တို့ကို အလေးထား၍ ဂုဏ်ပြုရခြင်းဖြစ်ပါကြောင်း။

ယခုအခါ ပြည်ပမှ မီဒီယာများသည် စာပေနှင့် အသံလွှင့်ဌာနများမှ တစ်ဆင့်နည်းမျိုးစုံသုံး၍ ထိုးနှက်မှုများ လုပ်ဆောင်လျက်ရှိသည်ကို အားလုံးသိရှိနေကြပြီးဖြစ်သည့်အတွက် ပညာရှင်များကလည်း မဟုတ်မမှန် ထုတ်လွှင့်မှုများ လွှမ်းမိုးမခံရအောင် မီဒီယာနည်းဖြင့် ပြန်လည်တန်ပြန်ဆင်နွှဲသွားကြရန်လည်း လိုကြောင်း။

ပိုမိုကြိုးစား

ပညာရှင်များအနေဖြင့် စာပေ၊ ဂီတ၊ ရုပ်ရှင်အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာအောင် ယခုထက် ပိုမိုကြိုးစားစိစစ်ပေးကြရန်နှင့် ယင်းသို့စိစစ်ဆောင်ရွက်ပေးကြသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း။

ယခုအခါ မြန်မာရုပ်ရှင်လောက အဆင့်အတန်း မြင့်မားလာစေရန် ယဉ်ကျေးမှုတက္ကသိုလ်၌ ရုပ်ရှင်ပညာသင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထို့အပြင် ခေတ်မီရုပ်ရှင်လုပ်ငန်းသုံး စက်ကိရိယာများကိုလည်း ဖြည့်တင်းထားပြီး ဖြစ်ကြောင်း၊ ဂီတပညာကိုလည်း ယခုထက် ပိုမိုကောင်းမွန်အောင် ဆန်းသစ်တီထွင်ပေးကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း၊ မီဒီယာပညာရပ်ကိုလည်း တက္ကသိုလ်များတွင် သင်ကြားပေးရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း။

ပိုမိုတိုးတက်

စာပေ၊ ဂီတနှင့် ရုပ်ရှင်လောကသားများသည် အတွေးအခေါ်၊ အမြင် အမျိုးမျိုးရှိကြသော်လည်း အမျိုးသားရေး အကျိုးစီးပွားအပေါ် ရပ်တည်ပြီး ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် မီဒီယာလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်းနှင့် စာပေဆုများစိစစ်ရွေးချယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရုပ်ရှင်၊ ဂီတ၊ ဗီဒီယို အဖွဲ့တို့၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂုဏ်ပြုဆုငွေများကို အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးဝင်း၊ စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေး အဖွဲ့ ၂၀၀၆–၂၀၀၇ခုနှစ်တွင် ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ ပခုက္ကူဦးအုံးဖေ စာပေဆု စိစစ်ရေးအဖွဲ့ ၂၀၀၇–၂၀၁၀ ခုနှစ်တွင် ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား ပခုက္ကူဦးအုံးဖေ စာပေဆု စိစစ်ရွေးချယ် ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)၊ ၂၀၀၅ခုနှစ် မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့၊ ၂၀၀၆ ခုနှစ် ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့တွင်ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား အဖွဲ့ဝင် ဒေါ်ပိုပိုကြည်နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ခေတ်ဟောင်းတေးသီချင်း စိစစ်ရေးအဖွဲ့၊ ခေတ်ပေါ်တေးဂီတစိစစ်ရေးအဖွဲ့၊ မြန်မာသီချင်းကြီး ဂီတရွေးချယ်ရေး အဖွဲ့များတွင် ပါဝင်သော ပုဂ္ဂိုလ်များ ကိုယ်စား အဖွဲ့ဝင် မြန်မာနိုင်ငံဂီတ အစည်းအရုံး ဥက္ကဋ္ဌ ဦးမောင်မောင်လတ်(နောင်) တို့အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်ဂုဏ်ပြုခံ ပုဂ္ဂိုလ်များကိုယ်စား အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်မြန်မာသမိုင်းအဖွဲ့ဝင် ဒေါက်တာခင်မောင်ညွန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီး

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကော်မတီအဖွဲ့များ၌ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသော ပညာရှင်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၅ခုနှစ် မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့၊ ၂၀၀၆ခုနှစ် ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့တွင်ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား အဖွဲ့ဝင် ဒေါ်ပိုပိုကြည်အား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

❐ ကျောဖုံးမှ

မြေလွတ် မြေရိုင်းများ ဖော်ထုတ်ကာ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးမည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုစုပေါင်းအင်အား ၁၅၀၀ကျော်နှင့် အတူ ခြံစည်းရိုးကြက်ဆူပင်ပေါင်း တစ်သိန်းရှစ်သောင်းကျော်ကို တပျော်တပါး စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် နံနက် ၉ နာရီတွင် မကွေးတိုင်း ရေနံချောင်း–မကွေး ကားလမ်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရေနံချောင်း ရေနံမြေက ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်သည်။

မြေယာများဖော်ထုတ်

ရှေးဦးစွာ ဝန်ကြီးအား ရှင်းလင်းဆောင်တွင် ရေနံချောင်း ရေနံမြေ အထွေထွေမန်နေဂျာဦးတင်မောင်ရီက လျှို့မြောင်များတစ်လျှောက် မြေယာများဖော်ထုတ်ကာ ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးထားရှိမည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် တက်ရောက်လာကြသော ဝန်ထမ်းများ၊ မြို့နယ်လူမှုရေး အသင်းအဖွဲ့ဝင်များ စုစုပေါင်းအင်အားတစ်ထောင်ကျော်နှင့်အတူ ခြံစည်းရိုးကြက်ဆူပင်ပေါင်း တစ်သိန်းရှစ်သောင်းကျော်ကို တပျော်တပါး စိုက်ပျိုးပေးသည်။ စွမ်းအင်ဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ယနေ့အထိ ခြံစည်းရိုး ကြက်ဆူပင်ပေါင်း တစ်သန်းခွဲကျော် စိုက်ပျိုးပြီး ဖြစ်သည်။

ယင်းနောက် ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါ၍ ချောက်ရေနံမြေအတွင်းရှိ ရွှေပုံတောင်ဘုရားအနီး တစ်ဝိုက်တွင် ၂၀၀၆ခုနှစ် မိုးရာသီတွင် စိုက်ပျိုးခဲ့ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ခြံစည်းရိုးကြက်ဆူပင်များကိုလည်းကောင်း၊ ၂၀၀၀ပြည့်နှစ်တွင် စိုက်ပျိုးခဲ့ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ရတနာတန်းဝင် ကျွန်းပင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်၌ မိုင်းတွင်းရေလွှမ်း အလုပ်သမား ၁၇၂ဦး ပိတ်မိနေ

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ပေကျင်း ဩဂုတ် ၁၈

တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ် အရှေ့ပိုင်းရှိ မိုင်းတွင်းတစ်တွင်း၌ ဩဂုတ် ၁၈ရက်က ရေလွှမ်းမိုးမှုဖြစ်ပွားရာ မိုင်းအလုပ်သမား ၁၇၂ဦး ပိတ်မိနေသဖြင့် ကယ်ဆယ်ရေး လုပ်ငန်းများ အလျင်အမြန် ဆောင်ရွက်လျက်ရှိကြောင်း အင်တာနက် သတင်း၌ ဖော်ပြသည်။ **(ယာပုံ)**

ကယ်ဆယ်

အဆိုပါမိုင်းတွင်းမှာ ရှန်တုန်ပြည်နယ် စင်တိုင်မြို့အနီး၌ရှိပြီး မိုင်းအလုပ်သမား ၅၈၄ဦး လုပ်ကိုင်နေသောမိုင်းတွင်းဖြစ်သည်။ ကျန်အလုပ်သမားများကိုကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၉–၈–၂၀၀၇ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၁၅	၆။	အကပြိုင်ပွဲ
၈း၃၀	၇။	International News
၈း၄၅	၈။	Say it in English
၉း၀၀	၉။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၅	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀	၄။	မြန်မာရုပ်ရှင် **ပန်းဒဏ္ဍာရီ** ရန်အောင်၊ မင်းမော်ကွန်း၊ မေသန်းနု၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ–ဟိန်းစိုး)
၁၃း၄၅	၅။	အဆိုပြိုင်ပွဲ
၁၃း၅၅	၆။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (အောင်ပန်းမြို့မှ မက်မွန်နှင့် မက်မန်း)
၁၄း၀၅	၇။	တေးဂီတအစီအစဉ်
၁၄း၁၅	၈။	အတီးပြိုင်ပွဲ
၁၄း၃၀	၉။	**စက်မှုတပ်ဆင် လုပ်ငန်းတွင်** အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မို့မို့မြင့်အောင် (ဒါရိုက်တာ–ဝင်းထွန်းထွန်း)
၁၄း၄၅	၁၀။	International News
၁၅း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) [ရူပဗေဒ]
၁၇း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၁၅	၆။	အတီးပြိုင်ပွဲ
၁၇း၂၅	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀	၈။	ညနေခင်းသတင်း
၁၈း၃၀	၉။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၀။	သီရိဂေဟာ
၁၉း၀၀	၁၁။	သစ်ရွက်ဆွေး သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲပါ (ဝိုင်းစုခိုင်သိန်း) [ဒါရိုက်တာ–ဖုန်းမြင့်အောင်]
၁၉း၁၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း–၅၃)
၂၀း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနှောင်ကြိုး** (အပိုင်း–၁၆)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

အစဉ်ထာဝရ ကျန်းမာစေဖို့ ချွေးထွက်အောင် လေ့ကျင့်ခန်းလုပ်ကြစို့

အစဉ်ကျန်းမာစေရေးအတွက် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ရာ၌ ချွေးထွက်ရန်လိုအပ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

နေ့စဉ် နာရီဝက် သက်သက်သာသာ လေ့ကျင့်ခန်းလုပ်ရန် အကြံပေးချက်မှာ အဓိပ္ပာယ်ကောက် လွဲမှားနေခြင်းဖြစ်သည်ဟု ဆိုသည်။

အသက် ၁၈နှစ်နှင့်၆၅နှစ်ကြားရှိသူများ အနေဖြင့် ရက်သတ္တပတ်လျှင် ငါးရက် တစ်နေ့လျှင် နာရီဝက်ကြာ အသင့်အတင့် အားစိုက်လေ့ကျင့်ခန်းလုပ်ရန် သို့မဟုတ် ရက်သတ္တပတ်လျှင် သုံးရက် တစ်နေ့လျှင် မိနစ်၂၀ကြာ ကျန်းမာရေးလေ့ကျင့်ခန်း ပြင်းပြင်းထန်ထန် ပြုလုပ်ရန် သို့မဟုတ် အသင့်အတင့်အားစိုက်လေ့ကျင့်ခန်းများပြုလုပ်ပြီး ကြွက်သားများ သန်စွမ်းမှု ထိန်းထားရန်အတွက် နှစ်ပတ်လျှင်တစ်ကြိမ် အလေးမလေ့ကျင့်မှု ပြုလုပ်ရန် အကြံပြုထားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ နာမည်ကျော် ဘစ်ဘင် နာရီစင်ကြီးအား သန့်ရှင်းရေးနှင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်နေသည်ကို ဩဂုတ်၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပါရှန်ပင်လယ်ကွေ့ရှိ မည်သည့်စစ်သင်္ဘောကိုမဆို
အီရန်ဒုံးကျည်များက ပစ်ခတ်နိုင်ဟုဆို

တီဟီရန် ဩဂုတ် ၁၈

အိုမန်ပင်လယ်နှင့် ပင်လယ်ကွေ့၏ မည်သည့်နေရာရှိ စစ်သင်္ဘောများကိုမဆို အီရန်ဒုံးကျည်များက ပစ်ခတ်နိုင်စွမ်းရှိကြောင်း အီရန်စစ်ဘက်အရာရှိကြီးတစ်ဦးက ဩဂုတ် ၁၅ရက်၌ ပြောကြားလိုက်သည်။

မိမိတို့၏ကမ်းခြေမှ ပင်လယ်ပြင်သို့ ပစ်ခတ်နိုင်သော ဒုံးကျည်များကို ပါရှန်ပင်လယ်ကွေ့နှင့် အိုမန်ပင်လယ်တွင်ရှိသော စစ်သင်္ဘောများကို ပစ်ခတ်ရန် အသင့်ချထားလိုက်ပြီ ဖြစ်ကြောင်း၊ မိမိတို့၏ ဒုံးကျည်မှ လွတ်ကင်းအောင် မည်သည့်စစ်သင်္ဘောမှ ဖြတ်သန်းနိုင်မည်မဟုတ်ကြောင်း အီရန်စစ်ဘက်မှ ထိပ်တန်း စစ်ခေါင်းဆောင် တစ်ဦးဖြစ်သူ ယာဟာရာပင်ဆာဖာဗီက ပြောကြားသည်။

ပြောကြား

အီရန်၏သံသယဖြစ်ဖွယ် နျူကလီးယားအစီအစဉ်ကြောင့် အမေရိကန်စစ်သင်္ဘောများ ပါရှန်ပင်လယ်ကွေ့သို့ရောက်ရှိနေမှုနှင့်ပတ်သက်ပြီး အီရန်တို့က ယခုကဲ့သို့ ဒုံးပျံအစီအစဉ်ကို ပြောကြားလိုက်ခြင်းဖြစ်သည်။

စွမ်းရည်ရှိ

အီရန်တို့၏ ယခုဒုံးကျည်သည် ကီလိုမီတာ ၂၀၀၀အထိ ပစ်ခတ်နိုင်သော စွမ်းရည်ရှိကြောင်း၊ ပဲ့ထိန်းစနစ်ကိုတပ်ဆင်ထားကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ကိုလံဘီယာ၌ လက်တင်အမေရိက၏ အရှည်ဆုံးဥမင်လိုဏ်ခေါင်း တည်ဆောက်မည်

ဘိုဂိုတာ ဩဂုတ် ၁၈

ကိုလံဘီယာနိုင်ငံ၌ လက်တင်အမေရိက၏ အရှည်ဆုံးဥမင်လိုဏ်ခေါင်း တည်ဆောက်ရေးအတွက် ကိုလံဘီယာအစိုးရက ဩဂုတ်၁၅ရက်က တင်ဒါခေါ်ယူလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါ စီမံကိန်းအတွက်ကုန်ကျငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ သတ်မှတ်လျာထားပြီး ကိုလံဘီယာမြို့တော်နှင့် ဘူနာဗန်ထူရာဆိပ်ကမ်းမြို့သို့ ဆက်သွယ်ဖောက်လုပ်မည်ဖြစ်သည်။

ဘူနာဗန်ထူရာမြို့သည် ကိုလံဘီယာနိုင်ငံ၏ အကြီးဆုံးဆိပ်ကမ်းမြို့ ဖြစ်ပြီး ပြည်ပပို့ကုန် ၆၀ ရာခိုင်နှုန်းကို တင်ပို့နေသော မြို့တစ်မြို့ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပိုမိုမြန်ဆန်လာ

ဥမင်လိုဏ်ခေါင်း တည်ဆောက်ခြင်းဖြင့် ဒေသတွင်း ကုန်စည်စီးဆင်းမှုများ ပိုမိုမြန်ဆန်လာပြီး ပြည်ပပို့ကုန်များကိုလည်း အပြိုင်အဆိုင်တင်ပို့နိုင်မည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးက သတင်းစာ ရှင်းလင်းပွဲပြုလုပ်ရာတွင် ပြောကြားသွားသည်။

တပ်ဆင်သွားမည်

ဥမင်လိုဏ်ခေါင်းအတွင်း လုံခြုံရေးစနစ်သစ်များ၊ အလင်းပေးမှုစနစ်များ၊ လေဝင်လေထွက်ကောင်းမွန်ရေးကိရိယာများ၊ လုံခြုံရေးကင်မရာများ တပ်ဆင်သွားမည်ဖြစ်သည်။ ဥမင်လိုဏ်ခေါင်းတည်ဆောက်မှုများကို လာမည့် ၂၀၀၈ ခုနှစ်တွင် စတင်မည်ဖြစ်ကာ ၂၀၁၁ ခုနှစ်တွင် ပြီးစီးမည်ဟု မျှော်မှန်းထားသည်။

ကမ္ဘာ့စီးပွားရေး တိုးတက်မှု ယခုနှစ်၌ လျော့ကျမည်

ဂျီနီဗာ ဩဂုတ် ၁၈

ကမ္ဘာ့စီးပွားရေးနှင့်ကုန်သွယ်မှုတို့သည် ယခုနှစ်၌ တိုးတက်မှုလျော့ကျနိုင်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)က ဩဂုတ် ၁၄ရက်၌ ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

နှေးကွေးမည်

ဈေးကွက်နှင့် ထုတ်ကုန်ပစ္စည်းများ မညီမျှမှုတို့ကြောင့် ယခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်မှုနှင့် စီးပွားရေးတိုးတက်မှု နှေးကွေးမည်ဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာ၌ ဖော်ပြသည်။

၂၀၀၇ခုနှစ် ကမ္ဘာ့ကုန်သွယ်ရေး တိုးတက်မှုသည် သုံးရာခိုင်နှုန်းခန့်သာ တိုးတက်နိုင်မည်ဖြစ်ကြောင်း၊ အများဆုံးတိုးတက် နိုင်သည်မှာ ခြောက်ရာခိုင်နှုန်းခန့်သာရှိမည်ဖြစ်ရာ ၂၀၀၆ခုနှစ်က ရှစ်ရာခိုင်နှုန်းထက် လျော့နည်းလျက်ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်–နီပေါ နယ်စပ်ဖြတ်ကျော်ရေးစခန်း ငါးရက်ကြာပိတ်ထားခဲ့ရာမှ ပြန်လည်ဖွင့်လှစ်

ခတ္တမန္ဒူ ဩဂုတ် ၁၈

တရုတ်နိုင်ငံနှင့် နီပေါနိုင်ငံတို့၏ အဓိကကုန်သွယ်ရေးစခန်းတစ်ခု ဖြစ်သော တာတိုပနီ နယ်စပ်ဖြတ်ကျော်ရေးစခန်းကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူးများ တွေ့ဆုံညှိနှိုင်းပြီးနောက် ဩဂုတ် ၁၆ ရက်က ပြန်လည် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တာတိုပနီနယ်စပ်ဖြတ်ကျော်ရေးစခန်းမှ နေ့စဉ် အကောက်ခွန်အဖြစ် ကောက်ခံရရှိမှုမှာ နီပေါနိုင်ငံသုံး ရူပီးငွေ ငါးသန်းမှ ခြောက်သန်းအကြားတွင် ရှိကြောင်း တာတိုပနီ အကောက်ခွန်အရာရှိတစ်ဦးက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြင်းစီးစွမ်းရည်ပြသ

တရုတ်နိုင်ငံ တောင်ပိုင်း တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လှာဆာမြို့၌ မြင်းစီးစွမ်းရည် ပြသနေသည့် အဖွဲ့တစ်ဖွဲ့အား ဩဂုတ် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ခရီးသည်တင် ဘတ်စ်ကားတစ်စီး သစ်ပင်တစ်ပင်အား အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အဆိုပါမတော်တဆမှုကြောင့် ခရီးသည် ၁၄ ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။)

(ဓာတ်ပုံ–အင်တာနက်)

ယူအေအီး လေကြောင်းလိုင်း ခရီးစဉ်များ တိုးချဲ့ ပျံသန်းမည်

အဘူဒါဘီ ဩဂုတ် ၁၈

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)၏ နိုင်ငံပိုင် လေကြောင်းလိုင်း အီသီဟတ်သည် လာမည့်ဆောင်းရာသီတွင် အပတ်စဉ် လေယာဉ်ခရီးစဉ်သစ်များတိုးချဲ့သွားမည်ဖြစ်ရာ လေယာဉ်ခရီးစဉ် ၂၇ရာခိုင်နှုန်းခန့် တိုးတက်လာမည် ဖြစ်ကြောင်း အီမီရိတ်စ်သတင်းဌာနက ဩဂုတ် ၁၂ရက်၌ သတင်းထုတ်ပြန်သည်။

တိုးချဲ့ပျံသန်း

လာမည့်အောက်တိုဘာ ၂၈ရက်မှ စတင်ကာ ဆောင်းရာသီကာလတွင် အဘူဒါဘီအခြေစိုက် အဆိုပါလေကြောင်းလိုင်းသည် လေယာဉ်ခရီးစဉ် ၅၆၄ခုမှ ၇၁၆ခုအထိ တိုးချဲ့ပျံသန်းသွားမည်ဖြစ်ကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။

အဆိုပါတိုးချဲ့ပျံသန်းမည့် လေကြောင်းခရီးစဉ်များမှာ ပင်လယ်ကွေ့ဒေသ နိုင်ငံများ၊ ဥရောပနှင့် အိန္ဒိယနိုင်ငံများသို့ ခရီးစဉ်များ တိုးချဲ့ပျံသန်းသွားမည်ဖြစ်သည်။

စတင်ထူထောင်

အီသီဟတ်လေကြောင်းလိုင်းကို ၂၀၀၃ခုနှစ် ဇူလိုင်လက စတင်ထူထောင်ခဲ့ပြီး လေယာဉ်ခရီးစဉ်စတင်ပျံသန်းမှုကို ၂၀၀၃ခုနှစ် နိုဝင်ဘာ ၆ရက်က စတင်ပျံသန်းခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

စာမျက်နှာ ၇ မှ

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စုစာရင်းစစ်ချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်”

ဟု လည်းကောင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်”

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီ ရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ (၈)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက

“လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈ အပိုဒ်ခွဲ (စ)နှင့်အပိုဒ် ၃၁ အပိုဒ်ခွဲ(င) တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

“အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ကို လေ့လာလိုက်သည့်အခါ ချမှတ်ပြီး အခြေခံမူနှင့်အသေးစိတ်အခြေခံရမည့်မူများအနက် ဖြည့်စွက်ခြင်းအတွက် (၈)ချက်၊ ပြင်ဆင်ခြင်းအတွက် (၅)ချက်၊ ပယ်ဖျက်ခြင်းအတွက် (၁)ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်း (၁)ချက် စုစုပေါင်း (၁၅)ချက် ပါရှိတာလေ့လာတွေ့ရှိရကြောင်း၊ ယင်း (၁၅)ချက်ကို ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်၊ ပြောင်းရွှေ့သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီက–

“လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

“လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်တဲ့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်က–

“လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈ အပိုဒ်ခွဲ (စ)နှင့်အပိုဒ် ၃၁ အပိုဒ်ခွဲ (င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီက–

“အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာဆောင်ရွက်ချက်နှင့် စပ်လျဉ်းပြီး သဘောတူ ထောက်ခံပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈ အပိုဒ်ခွဲ (စ)နှင့်အပိုဒ် ၃၁ အပိုဒ်ခွဲ (င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း(၄)စောင်အနက်–

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်
- မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

“လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

“လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က–

“လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈ အပိုဒ်ခွဲ (စ)နှင့်အပိုဒ် ၃၁ အပိုဒ်ခွဲ (င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က–

“လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈ အပိုဒ်ခွဲ (စ)နှင့်အပိုဒ် ၃၁ အပိုဒ်ခွဲ (င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

“လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

“လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင်ပါရှိသည့် အပိုဒ် ၂၈ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က–

“လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှု အပိုင်းတွင်ပါရှိသည့် အပိုဒ် ၂၈ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း”ဆွေးနွေး တင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

“လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွင် ပါရှိသည့် အပိုဒ် ၂၈ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၃၁ အပိုဒ်ခွဲ(င)တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။

မြဝတီရုပ်မြင်သံကြား

၁၉–၈–၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **“အချစ်ဆိုသောအရာ”**
၁၃း၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၂၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၃၅ ၅။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၉။ နိုင်ငံတကာသတင်း
၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၄၀ ၁၁။ လျှပ်တစ်ပြက်
၆း၄၅ ၁၂။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း–၂၄)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း–၂၆)

ရန်ကုန်တိုင်း(စည်ပင်ပြင်ပ) မြို့နယ်စစ်မှုထမ်းဟောင်း သားသမီးများ ပညာသင်ထောက်ပံ့ကြေးပေး

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်း(စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ် ၁၁မြို့နယ်မှ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သားသမီးများမှ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ဩဂုတ် ၈ရက် နံနက် ၁၀နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် စုပေါင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း(စည်ပင်ပြင်ပ)စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင် တက်ရောက်ချီးမြှင့် ပေးအပ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း(စည်ပင်ပြင်ပ) ၁၁မြို့နယ်မှ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၈ဦးအား ပညာသင်ထောက်ပံ့ကြေး ငွေကျပ်နှစ်သိန်းလေးသောင်း ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉–၈–၂၀၀၇ (တနင်္ဂနွေနေ့)

၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ ဝဋ်ရှိလျှင်လည်းခံပါမယ်တရားတော် (အပိုင်း–၁) ဘဒ္ဒန္တ အရှင်ပညာဒီပ (ဟသ်ာတဆရာတော်)
၇း၅၀ Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ဒေါက်တာသန့်သော်ကောင်း]
၈း၄၅ တေးဂီတအစီအစဉ်
၈း၅၀ ကျန်းမာရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်
၉း၀၀ နိုင်ငံတကာအနုပညာရေးရာ
၉း၂၀ ပြည်တွင်းသတင်းအကျဉ်း
၉း၄၀ Activities in the City
၁၀း၀၀ တေးဂီတအစီအစဉ်
၁၀း၀၅ မာဒေးကားပြိုင်ပွဲဝင်မည့် မြန်မာဘောလုံးအသင်း
၁၀း၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀ သွေးလွန်တုပ်ကွေးဆိုသည်မှာ (ဒေါက်တာမင်းဆွေ၊ ဒေါက်တာကျော်ဇင်ဝေ)
၁၀း၅၅ မိုးလေဝသခန့်မှန်းချက်
၁၁း၀၅ သီးပွင့်ဝေဆာပဒေသာ (ကျွဲကော)
၁၁း၁၅ ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅ ပီတိ၏ ကြည်နူးမှုပုံရိပ်များ
၁၁း၄၀ တေးဂီတအစီအစဉ်
၁၁း၄၅ မြန်မာ့မော်ကွန်း
၁၂း၃၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၅ Movie Mistakes (Mr & Mrs Smith)
၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

2007-2008 English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Man City-Man United	ESPN (Live)
၈း၂၄	Blackburn-Arsenal	Star Sports (Live)
၉း၂၄	Liverpool-Chelsea	ESPN (Live)

တာမွေမြို့နယ် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ (၁၁)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို အဆိုပါကျောင်းတော်ကြီး၏ မဟာကမ္မဋ္ဌာန်းဆောင်၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြစဉ်။ (က–ပ)

သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် ဝါတွင်းတရားစခန်းကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရား အနီး မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်ရိပ်သာတွင် သစ္စာ ဒီပကဝိပဿနာအဖွဲ့ချုပ်၏ အာဒိ ကမ္မိက ကမ္မဋ္ဌာနာစရိယ မူလဓမ္မာ စရိယဆရာကြီး (ဦးကြည်)၏ ဥပ နိဿယအတိုင်း ဆရာကြီး၏ တပည့် ဆရာ ဦးသိန်းဆွေ(ခနုဖြူ)နှင့် အရန် တရားဟောဓမ္မကထိကများက ဓမ္မာ နုပဿနာ ဝါတွင်းခုနစ်ရက် တရား စခန်းကို ဩဂုတ် ၂၂ ရက်မှ ၂၈ ရက် အထိ (ဝါခေါင်လဆန်း ၉ ရက်မှ လပြည့်နေ့)အထိ ဖွင့်လှစ်ဟောကြား ပြသမည်ဖြစ်သည်။

တရားစခန်းဝင်ရောက်လိုသူများ သည် ဩဂုတ် ၂၁ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ နာယက ဦးအေးကို ဖုန်း–၆၆၂၂၈၀၊ ၆၆၀၀၀၆၊ ဥက္ကဋ္ဌ ဦးကျော်ဦး ဖုန်း–၂၄၇၀၂၇ နှင့် ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင် ဖုန်း– ၆၆၂၈၅၀ တို့သို့ ဆက်သွယ်စာရင်းပေး သွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းရုံးခန်းသစ်ဖွင့်

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံ အကောက်ခွန်လုပ် ငန်းများဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ရှင်များအသင်း ရုံးခန်းသစ်ဖွင့်ပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၆ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲ ကျော်စွာလမ်း အမှတ် ၂၉ ရှိ UMFCCI Office Tower Level (4) ၌ ကျင်းပရာ မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အမှုဆောင်များ နှင့် အသင်းဝင်တို့က သံဃာတော် များအား ဆွမ်း၊ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း ကြသည်။ **(အောက်ပုံ)**

မြန်မာနိုင်ငံ အကောက်ခွန်လုပ် ငန်းများဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ရှင်များအသင်းနှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်းကိစ္စများအတွက် ဖုန်း– ၂၁၄၈၄၅ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တနေမိန္ဒအား ထပ်ဆင့်ပူဇော်ဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၁၈

နေပြည်တော် တပ်ကုန်း ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တနေမိန္ဒ မဟာ ဂန္ထဝါစကပဏ္ဍိတအား တပည့်၊ ဒါယကာ၊ ဒါယိကာမများမှ ထပ်ဆင့်ဂုဏ်ပြု ပူဇော်ခြင်းအခမ်းအနားကို ၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၅ရက် (ဩဂုတ်၁၃ရက်) တနင်္လာနေ့ နံနက်၇နာရီက အဆိုပါကျောင်းတိုက်၌ကျင်းပရာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်သည်။

<u>ပူဇော်ကန်တော့</u>

အဆိုပါအခမ်းအနားသို့ ရွာသစ်ရွာဦး စန္ဒရုံဆရာတော် အဂ္ဂမဟာဘဒ္ဒန္တဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဩဝါဒါစရိယ ဘဒ္ဒန္တစန္ဒသိရီ၊ မဟာသီဟနာရဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဦးအာစိတ္တ၊ ငွေတောင်တောရ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသိရီ အမှူးပြုသော ဆရာတော်ကြီးများ၊ ပင့်သံဃာတော် ၁၁၁ပါးနှင့် နေပြည်တော် တပ်ကုန်းနေ တပည့် ဒါယကာ၊ ဒါယိကာမများနှင့် ဖိတ်ကြားထားသူ ၁၅၀၀ကျော်ခန့် တက်ရောက် ပူဇော်ကန်တော့ကြသည်။ အဆိုပါအခမ်းအနားကို နံနက်၁၀နာရီခွဲတွင် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။ **(က–ပ)**

* <u>ကျောဖုံးမှ</u>

အသက်(၁၇)နှစ်အောက် မြန်မာ လူငယ်လက်ရွေးစင် ဘောလုံးအသင်း တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးခင် မောင်ကျော်(ခေတ္တကျောင်းအုပ်ကြီး၊ အား/ကာသိပ္ပံ၊ ရန်ကုန်)၊ နည်းပြချုပ် အဖြစ် ဦးခင်မောင်တင့်(ပို့ဆောင်ရေး)၊ လက်ထောက်နည်းပြအဖြစ် ဦးကျော် လွင်(ကာကွယ်ရေး)၊ ဂိုးနည်းပြအဖြစ် ဦးထွန်းတင့်အောင်(ကာကွယ်ရေး)၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာ မြတ်ထွန်းဦး (အား/ကာဦးစီးဌာန) တို့က တာဝန်ယူဆောင်ရွက်ကြသည်။

<u>ပါဝင်</u>

မြန်မာလူငယ် လက်ရွေးစင် ဘောလုံးအားကစားသမားများအဖြစ် **(ဂိုး)** ကျော်ကိုကို၊ အောင်ဝေဖြိုး၊ **(နောက်တန်း)** ရဲဝင်းမြင့်၊ ငြိမ်းထူး ကျော်၊ သက်နိုင်စိုး၊ နိုင်စိုးဝေ၊ ထွန်းမင်းစိုး၊ ငြိမ်းချမ်းအောင်၊ **(အလယ်တန်း)** ဇော်လင်းထက်၊ သက်နိုင်၊ အောင်ကိုကိုဝင်း၊ ဖြိုးမောင် မောင်ကျော်၊ အောင်သက်ပိုင်၊ **(ရှေ့တန်း)** ကောင်းထက်အောင်၊ ညီညီ မင်း၊ မျိုးကျော်၊ ခင်ဇော်၊ အာကာစိုး တို့ပါဝင်ကြသည်။

<u>ကစားမည်</u>

အာဆီယံအသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲအတွက် မူလပွဲစဉ် ရေးဆွဲစဉ်က အရှေ့တီမောပါဝင်သော် လည်း ပြိုင်ပွဲနီးမှ နုတ်ထွက်သွား၍ ကိုးသင်းသာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စု(က)မှ အရှေ့တီမောအသင်းနုတ် ထွက်သွား၍ မြန်မာလူငယ်အသင်း သည် အုပ်စုပွဲစဉ်သုံးပွဲသာ ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။

<u>ယှဉ်ပြိုင်ကစားမည်</u>

ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာ လူငယ်အသင်းသည် ဩဂုတ် ၂၂ ရက် တွင် စင်ကာပူလူငယ်အသင်းနှင့်လည်း ကောင်း၊ ဩဂုတ် ၂၄ ရက်တွင် ဗီယက် နမ်လူငယ်အသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၂၆ ရက်တွင် လာအိုလူငယ် အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။

ပြည်နယ်နှင့်တိုင်း ဝူရှူးပြိုင်ပွဲကျင်းပမည်

မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်က ကြီးမှူး၍ ဒုတိယအကြိမ် ပြည်နယ်နှင့် တိုင်း အမျိုးသား၊ အမျိုးသမီး ဝူရှူး ပြိုင်ပွဲကို လာမည့်အောက်တိုဘာ ၂၀ရက်မှ ၂၄ရက်အထိ ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည် ဖြစ်ရာ ပြည်နယ်နှင့်တိုင်းများမှ ဝူရှူး အားကစားသမားများ ဝင်ရောက် ယှဉ်ပြိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့် လျက်ရှိကြောင်း သိရသည်။

သိုင်းပြိုင်ပွဲစတင်ယှဉ်ပြိုင်

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ပဉ္စမအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ဖလား သိုင်းပြိုင်ပွဲနှင့် (၂၄)ကြိမ် မြောက် ပြည်နယ်နှင့်တိုင်း သိုင်း ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းမှစတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ယှဉ်ပြိုင်လျက်ရှိသည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ်၂၅ရက် အထိ ဆက်လက်ကျင်းပသွားမည်ဖြစ် ပြီး မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုနိုင်ကြောင်းသိရသည်။

အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက် ၂၁နှစ်အောက်(လူသစ်တန်း)ဘောလုံးပြိုင်ပွဲ

၂၀၀၇ ခုနှစ် အဌမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အသက် ၂၁ နှစ်အောက် (လူသစ် တန်း) အမျိုးသားဘောလုံးပြိုင်ပွဲကို စစ်ကိုင်းတိုင်းအတွင်းရှိ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘိုနှင့် ကသာမြို့များ၌ စက်တင်ဘာ ၁ရက်မှ ၁၉ ရက်အထိ ကျင်းပမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ၁၆သင်း ပါဝင် ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်းစီပါဝင် သော အုပ်စု လေးစုခွဲ၍ ပထမ အဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။

<u>အုပ်စုခွဲ</u>

မုံရွာဇုန် အုပ်စု(က)၌ စစ်ကိုင်း တိုင်း၊ မကွေးတိုင်း၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းအသင်းတို့ ပါဝင်ကြ သည်။ စစ်ကိုင်းဇုန်အုပ်စု(ခ)၌ မန္တလေး တိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ချင်းပြည်နယ်အသင်းတို့ ပါဝင်ကြ သည်။ ရွှေဘိုဇုန် အုပ်စု(ဂ)တွင် ရန်ကုန် တိုင်း၊ ကချင် ပြည်နယ်၊ ပဲခူးတိုင်းနှင့် ကယားပြည်နယ်အသင်းတို့ ပါဝင် ကြသည်။ ကသာဇုန် အုပ်စု(ဃ)တွင် တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်(အရှေ့ ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းတို့ ပါဝင်ကြသည်။

ဘောလုံးအဖွဲ့ချုပ်အတွင်းရေးမှူးဦးတင်အောင် ပြိုင်ပွဲကြီးကြပ်သူအဖြစ်တာဝန်ထမ်းဆောင်မည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်အောင်သည် ကမ္ဘောဒီးယားနိုင်ငံ၌ ဩဂုတ် ၁၉ ရက်မှ စက်တင်ဘာ ၁ ရက်အထိကျင်းပမည့် အာဆီယံ အသက် (၁၇) နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲ ကြီးကြပ်သူအဖြစ် တာဝန်ထမ်းဆောင် မည်ဖြစ်သည်။ အတွင်းရေးမှူးဦးတင် အောင်သည် ဩဂုတ်၁၇ရက်က မြန်မာ (ယူ–၁၇)အသင်းနှင့် အတူ ကမ္ဘော ဒီးယားနိုင်ငံသို့ ထွက်ခွာသွားသည်။

<u>ဒိုင်လူကြီးတာဝန်</u>

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင် ရာ ကွင်းလယ်ဒိုင်လူကြီး ဦးထွန်းရှင် (ကာကွယ်ရေး)နှင့် အပြည်ပြည်ဆိုင်ရာ အကူဒိုင်လူကြီး ဦးခင်မောင်မြင့်(ကာ ကွယ်ရေး)တို့က ဒိုင်လူကြီးတာဝန်များ ထမ်းဆောင်ကြမည်ဖြစ်ကြောင်း သိရ သည်။

အာဆီယံအမျိုးသမီးဘောလုံးနည်းပြသင်တန်းဖွင့်မည်

အာဆီယံဘောလုံးအဖွဲ့ချုပ် (AFF) နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် အာဆီယံ အမျိုးသမီးဘောလုံး နည်းပြ သင်တန်းကို လာမည့်စက်တင်ဘာလအတွင်း၌ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ဖွင့်လှစ်မည် ဖြစ်ကြောင်းသိရသည်။

<u>တက်ရောက်</u>

အဆိုပါသင်တန်း၌ အာရှဘောလုံး အဖွဲ့ချုပ်(AFC)မှ သင်တန်းနည်းပြ ဆရာများ လာရောက်၍ သင်ကြားပို့ချမည်ဖြစ်ပြီး အာဆီယံဒေသတွင်းနိုင်ငံ များမှ သင်တန်းသူများ တက်ရောက်ကြမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာတံခွန်စိုက်ရွက်လှေပြိုင်ပွဲ မြန်မာရွက်လှေအားကစားအဖွဲ့ယှဉ်ပြိုင်

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ဩဂုတ် ၁၈ရက်မှ ၂၄ရက်အထိ ကျင်းပလျက် ရှိသည့် ၂၀၀၇ခုနှစ် အပြည်ပြည်ဆိုင်ရာ အလွတ်တန်းတံခွန်စိုက်ရွက်လှေပြိုင်ပွဲ (2007 British International 420 Class National Champion Ships)တွင် မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင် လျက်ရှိသည်။

<u>သူတို့ပါဝင်</u>

မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားအဖွဲ့တွင် အသင်းခေါင်းဆောင် အဖြစ် ဦးမင်းဇော်(မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်၏ လှေများတာဝန်ခံ)၊ နည်းပြ အဖြစ် Mr.Callum Mac Donald(အင်္ဂလန်)၊ အားကစားသမားများအဖြစ် မောင်နေလကျော်၊ မောင်မင်းမင်း၊ မစုစန္ဒာဝေနှင့် မခင်ညိုလင်းတို့ပါဝင်ကြသည်။

<u>ပူးတွဲလေ့ကျင့်</u>

မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားအဖွဲ့သည် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးအတွက် လှိုင်းလေ ပြင်းထန်သော ပင်လယ်ပြင်အတွေ့အကြုံ (Special Strong Wind & Heavy Seas Training)ရယူရန် ယခုကဲ့သို့ နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက် ယှဉ်ပြိုင်ပြီး ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်းသိရသည်။

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

ဖာဂူဆန်နဲ့ အဲရစ်ဆင်တို့ ထိပ်တိုက်ဆုံတွေ့ပြီ

လန်ဒန် ဩဂုတ် ၁၈

၂၀၀၇-၂၀၀၈ ပရီမီယာလိဂ် ဘောလုံးရာသီတာအတွက်မှာ ခြေချော်ခဲ့တဲ့ လက်ရှိချန်ပီယံ မန်ယူအသင်းဟာ ဩဂုတ် ၁၉ရက်**(ယနေ့)**မှာ မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းနဲ့ ရင်ဆိုင်ကစားရပါတော့မယ်။

အစဉ်အလာအရ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့တဲ့ ပြိုင်ဘက်ကောင်းတွေဖြစ်တဲ့အပြင် မန်စီးတီးနည်းပြသစ်ဖြစ်လာတဲ့ အဲရစ်ဆင်ရဲ့ နည်းဗျူဟာနဲ့ မန်ယူနည်းပြ ဖာဂူဆန်ရဲ့ ပြောင်မြောက်တဲ့ နည်းစနစ်အားပြိုင်မှုတွေကို တွေ့မြင်ရပါတော့မယ်။

ကစားသမားတွေ အနိုင်ရလိုစိတ် ပြင်းထန်နေပြီ။
(ဖာဂူဆန်)

ပရီမီယာလိဂ် လူသစ်တန်းနည်းပြ အဲရစ်ဆင်နဲ့ မန်ယူရဲ့ သက်တော်ရှည်နည်းပြ ဖာဂူဆန်တို့ဟာ ဒီပွဲမှာ သူတို့ရဲ့အစွမ်းကို အကုန်ထုတ်သုံးရမယ့် အနေအထားရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ပွဲလိုအပ်နေတဲ့ မန်ယူနဲ့ ရှုံးပွဲမရှိ စံချိန်ထူချင်နေတဲ့ မန်စီးတီးတို့ ဖြစ်နေလို့ပါပဲ။

မန်ယူဟာ ပွဲစဉ်(၁)မှာ ရွန်နေ ဒဏ်ရာရပြီး သရေပွဲဖြစ်ခဲ့သလို ပွဲစဉ်(၂)မှာ စီရိုနယ်ဒို အနီကတ်ပြ အထုတ်ခံရပြီး သရေကျခဲ့တဲ့ ဖြစ်ရပ်တွေကြောင့် အထိနာခဲ့ပေမယ့် ဒီကစားသမားတွေ မရှိလည်း နိုင်ပွဲရယူနိုင်တယ်ဆိုတဲ့ စွမ်းရည်ကိုပြသဖို့ လိုအပ်နေချိန် ဖြစ်နေပါတယ်။

ဒါကြောင့် ဖာဂူဆန်ဟာ တီဗက်ဇ်နဲ့ နာနီတို့ကို အချိန်ပြည့် ပွဲထုတ်ဖို့ဖြစ်လာပါတယ်။ တီဗက်ဇ်ဟာ ရွန်နေနဲ့ ကစားပေါက်တူသလို နာနီကလည်း စီရိုနယ်ဒိုနဲ့ ကစားပေါက် တူနေပါတယ်။ အရေးကြီးတာက ဒီကစားသမားတွေဟာ အသင်းနဲ့ မြန်မြန်အသားကျဖို့ လိုအပ်နေတာပါပဲ။ သူတို့ကို ဂစ်နဲ့ ပေါလ်စခိုးတို့က ထိန်းကစားပေးသွားနိုင်တော့ မန်ယူခြေစွမ်း မယိုင်သွားလောက်ပါဘူး။

နောက်ပြီး နာနီနဲ့ တီဗက်ဇ်တို့အတွက် ဒီအချိန်ဟာ သူတို့ရဲ့ အခွင့်အရေးပါပဲ။ သူတို့ခြေစွမ်းပြနိုင်မှ ကြိုးစားမှသာ နေရာရနိုင်မှာမို့ အစွမ်းကုန်ကြိုးစားကြမှာ သေချာပါတယ်။ မန်ယူမှာ လောလောဆယ် ဒဏ်ရာရနေသူတွေက ရွန်နေ၊ အိုဝင်ဟားဂရေ့ဗ်၊ ဆာဟာ၊ အန်ဒါဆင်နဲ့ ဂယ်ရီနဗီးလ်တို့ဖြစ်လို့ မန်ယူဟာ ဒီကာလတွေမှာ ခက်ခက်ခဲခဲဖြတ်သန်းရမယ့် အနေအထားရှိပါတယ်။

သုံးသပ်တင်ပြသူ-မောင်မောင်မြင့်ဆွေ

ဒီနှစ်မှာ မန်ယူဟာ ၁၉၉၈ခုနှစ်နောက်ပိုင်း ရာသီအစ အဆိုးရွားဆုံးရလဒ်တွေကို ကြုံတွေ့ရခြင်းဖြစ်ပါတယ်။ ဩဂုတ် ၁၉ရက်**(ယနေ့)**မှာ ကစားရမယ့် မန်စီးတီးပွဲနဲ့ ပတ်သက်ပြီး ဖာဂူဆန်က "အဓိကကစားသမားတွေ ဒဏ်ရာရမှုနဲ့ ပွဲပယ်ပြစ်ဒဏ် ခံရမှုအပေါ် စိတ်ပျက်နေလို့တော့ မရပါဘူး၊ မန်ယူဟာ ဒီကစားသမားတွေအပေါ် အားကိုးလွန်းတဲ့အသင်း မဟုတ်ပါဘူး၊ လူငယ်ကစားသမားတွေ အများစုနဲ့ ဖွဲ့စည်းထားတဲ့အသင်းပါ။ အခုဆိုရင် ကျွန်တော့်ကစားသမားတွေဟာ နိုင်ပွဲရမှ ဖြစ်တော့မယ်ဆိုတဲ့ စိတ်ဓာတ်အပြည့်ရှိနေပါပြီ။ မန်စီးတီးဟာ မာကျောတဲ့အသင်းဆိုတာ မှန်ပါတယ်။ ကျွန်တော့်ကစားသမားတွေမှာ အနိုင်ယူလိုတဲ့ စိတ်ဓာတ် အရင်ကထက် နှစ်ဆရှိနေပါပြီ။ ဒီနှစ်ဟာ အရင်နှစ်ကထက် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ နှစ်ပါပဲ"လို့ ဖာဂူဆန်က ပြောကြားလိုက်ပါတယ်။

မန်ယူနဲ့ မန်စီးတီးတို့ဟာ စုစုပေါင်း ၁၃၆ပွဲ ဆုံတွေ့ခဲ့ကြရာမှာ မန်ယူက ၅၃ ပွဲနိုင်ခဲ့ပြီး မန်စီးတီးက ၃၅ ပွဲနိုင်ထားပါတယ်။ သရေပွဲက ၄၈ ပွဲရှိခဲ့တာမို့ လက်ရှိအချိန်မှာ ဘယ်အသင်းမှ အသာစီးမရနိုင်ပါဘူး။ ဒါပေမယ့် နည်းပြအဲရစ်ဆင် ကိုင်တွယ်ချိန်ကစပြီး နိုင်ပွဲတွေစတင်ရရှိနေတာမို့ မန်ယူဟာ ဒီပွဲကို အကြိတ်အနယ် ဖြတ်သန်းရပါလိမ့်မယ်။ ဒီပွဲနဲ့ ပတ်သက်ပြီး မန်စီးတီးနည်းပြ အဲရစ်ဆင်က "ဒီပွဲက သိပ်မချောင်ပါဘူး၊ မန်ယူဟာ အသင်းလိုက်ကစားအားကောင်းတဲ့ အသင်းပါ။ အဓိက ကစားသမားတွေ ဒဏ်ရာရနေပေမယ့် အရန်လူ တောင့်တင်းပါတယ်။ ဒါကြောင့်မို့

ကျွန်တော်တို့ သတိထားပြီး ကစားရမယ်။
(အဲရစ်ဆင်)

ကျွန်တော်တို့ သတိထားပြီး ကစားရမှာပါ။ ဒါပေမယ့် မန်ယူကို အနိုင်ရအောင်တော့ ကြိုးစားကစားသွားမှာပါ။ ဒီလိုအနိုင်ယူဖို့ ခြေစွမ်းလည်း ရှိနေပါတယ်"လို့ အဲရစ်ဆင်က ပြောကြားလိုက်ပါတယ်။

ဒါကြောင့်မို့လို့ မန်စီးတီးနဲ့မန်ယူတို့ရဲ့ ဒီပွဲဟာ မန်ယူအတွက် သုံးမှတ်အပြည့်ရဖို့ အရေးကြီးတဲ့ပွဲ၊ အမှားမခံတဲ့ပွဲပါပဲ။

လီဗာပူးနဲ့ ချယ်လ်ဆီး

ဩဂုတ် ၁၉ ရက်မှာ ပရီမီယာလိဂ် ပွဲစဉ်(၃) အဖြစ်ကစားမယ့် လီဗာပူးနဲ့ ချယ်လ်ဆီးတို့ပွဲကလည်း နှစ်သင်းစလုံးအတွက် အရေးကြီးတဲ့ပွဲ ဖြစ်နေပါတယ်။ မန်ယူကို အမှတ်ဖြတ်ဖို့ ကြိုးစားနေတဲ့ ချယ်လ်ဆီးနဲ့ ဒီနှစ်ပရီမီယာလိဂ်ဖလားကို ချိန်နေတဲ့ လီဗာပူးတို့ဟာ အနိုင်၊ အရှုံးရလဒ်ပေါ်အောင် ကစားကြမှာ သေချာနေပါတယ်။

ချယ်လ်ဆီးဟာ မနှစ်က လီဗာပူးအိမ်ကွင်းမှာ နှစ်ဂိုးပြတ် ရှုံးထားပါတယ်။ ဒီနှစ် လီဗာပူးတိုက်စစ်မှာ ဖာနန်ဒိုတောရက်စ် ရောက်ရှိနေတာမို့ ခြေတွေ့ရင် ချယ်လ်ဆီးတို့ သိပ်တော့ မလွယ်ပါဘူး၊ အလယ်တန်းနဲ့ ခံစစ်အားကောင်းတဲ့ လီဗာပူးဟာ ချယ်လ်ဆီးရဲ့ တိုက်စစ်မှူးတွေကို ကောင်းကောင်း ဟန့်တားနိုင်ပါတယ်။ ချယ်လ်ဆီးမှာ မာလူဒါဟာ ခြေပေါ်အောင် ကစားနိုင်ပြီး အကျပ်အတည်းကြားက ဂိုးသွင်းနိုင်သူဆိုတော့ လီဗာပူးတို့ သတိထားရပါလိမ့်မယ်။ နှစ်သင်းစလုံး ခြေကုန်ထုတ်ကြမှာမို့ အကြိတ်အနယ်ရှိမယ့် ပွဲကောင်းတစ်ပွဲပါပဲ။ ။ **(ကိုးကား-အင်တာနက်)**

အားကစားသတင်း အတိုအထွာ

- **ဝက်စ်ဟမ်းအသင်းက နယူးကာဆယ် ကွင်းလယ်ကစားသမား ဒိုင်ယာအား ခေါ်ယူစာချုပ်လိုက်ပြီ ဖြစ်သည်။**

- အဲဗာတန်နည်းပြ ဒေးဗစ်မိုရက်က ပေါ်တူဂီ ကွင်းလယ်ကစားသမား ဖာနန်ဒက်စ်အား ခေါ်ယူစာချုပ်ရန် မျှော်လင့်ကြောင်း ပြောကြားလိုက်သည်။

- **ဩစတြေးလျ တင်းနစ် ကစားသမား လင်တန် ဟီးဝှစ်သည် စင်စင်နာတီဖလား ပြိုင်ပွဲတွင် ကားလို့စ်မိုယာကို သုံးပွဲပြတ်ဖြင့် အနိုင်ရလိုက်၍ အကြိုဗိုလ်လုပွဲတွင် ရော်ဂျာဖက်ဒရာနှင့် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။**

သတင်းမှတ်စု မောင်ချစ်ကြည်

ပို့စ်မောက်တို့ ဘော်လ်တန်ကို အနိုင်ရ ဆန်းဒါးလန်းတို့ ပထမဆုံး ရှုံးပွဲကြုံ

လန်ဒန် ဩဂုတ် ၁၈

ပရီမီယာလိဂ် ပွဲစဉ်(၃)အဖြစ် ဩဂုတ် ၁၈ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲစဉ်များ၌ သရေနှစ်ပွဲဖြစ်ခဲ့သော ပို့စ်မောက်တို့ ဘော်လ်တန်ကို သုံးဂိုး-တစ်ဂိုးဖြင့် ပထမဆုံး နိုင်ပွဲရလိုက်ပြီဖြစ်သည်။

အဖွင့်ဂိုး

ပို့စ်မောက်တို့က ၃-၅-၂ ပုံစံဖြင့် တိုက်စစ်အတွဲကို ကနူးနှင့် အမ်ဝါရူဝါရီတို့ ထုတ်သုံးခဲ့သည်။ ဘော်လ်တန်တို့က ၄-၄-၂ အခင်းအကျင်းဖြင့် တိုက်စစ်၌ အနယ်လ်ကာနှင့် ဒီအော့ဖ်တို့ဖြင့် ပွဲထွက်ခဲ့ရာ ပွဲအစ ၁၂မိနစ်မှာပင် ဘော်လ်တန်တိုက်စစ်မှူး အနယ်လ်ကာ ခြောက်ကိုက်အကွာမှ အနီးကပ်ကန်သွင်းပြီး အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သည်။

ပရီမီယာလိဂ် ပွဲစဉ်(၃)အဖြစ် ဘော်လ်တန်နှင့် ပို့စ်မောက်တို့ ကစားသည့်ပွဲတွင် ပို့စ်မောက်တိုက်စစ်မှူး ကနူး(ယာ)**က ဘော်လ်တန်ဘက်သို့ ဤသို့ ပထမဂိုး သွင်းယူခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

ပြစ်ဒဏ်ဘောမှ

ပို့စ်မောက်အတွက် ချေပဂိုးကို ၁၆မိနစ်၌ ကနူးက သွင်းယူပေးခဲ့သည်။ ပို့စ်မောက်သည် ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ဖိကစားနိုင်ခဲ့ရာ အပိုင်ဂိုးသွင်းခွင့် ၁၂ကြိမ်ရရှိခဲ့ပြီး ခြောက်ကြိမ်ကန်သွင်းခဲ့ရာမှ သုံးဂိုးရရှိခဲ့သည်။ ပို့စ်မောက်အတွက် ဒုတိယဂိုးကို ကွင်းလယ်ကစားသမား ဂျွန်ယူတာကာ က မိနစ် ၃၀တွင် သွင်းယူပြီး တတိယ ဂိုးကို မက်သရူးတေလာက ပွဲချိန် ၈၈ မိနစ်၌ ပယ်နယ်တီ ပြစ်ဒဏ်ဘောမှ တစ်ဆင့် သွင်းယူခဲ့သဖြင့် ဘော်လ်တန်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ဝီဂန်နှင့် ဆန်းဒါးလန်း

ပရီမီယာလိဂ်၌ ဆန်းဒါးလန်းတို့ ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့သည့် ပွဲဖြစ်သည်။ အဝေးကွင်း ဖြစ်သော်လည်း ဆန်းဒါးလန်းတို့ ဖိဖိစီးစီး ကစားနိုင်ခဲ့သည်။ သို့သော် တိုက်စစ်မှူးများဖြစ်သည့် ချိုပရာ၊ မူရာဖီ၊ စတိုကတ်စ်နှင့် ယောကီတို့ အဆုံးသတ်မပိုင်ခဲ့၍ ခြေကောင်းပြီး တစ်ဂိုးမျှ မသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ ဝီဂန်အတွက် ဂိုးများကို ၁၉ မိနစ်၌ ဟက်စကီး၊ ၆၂ မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှ လမ်းဇက်နှင့် ၆၉ မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှပင် အင်တိုရီနီက သွင်းယူခဲ့၍ ဝီဂန်တို့ သုံးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်

ဖူလ်ဟမ်နှင့် မစ်ဒယ်ဘရော့

မစ်ဒယ်ဘရော့တို့ မနှစ်က ရှုံးကြွေးကို ဆပ်နိုင်ခဲ့သည့်ပွဲဖြစ်သည်။ ဖူလ်ဟမ်အတွက် အဖွင့်ဂိုးကို ၁၆ မိနစ်၌ မက်ဘရိုက်က သွင်းယူခဲ့သော်လည်း မစ်ဒယ်ဘရော့မှ တိုက်စစ်မှူး မီဒိုက ၅၅မိနစ်၌ ချေပဂိုး သွင်းယူခဲ့သည်။ မစ်ဒယ်ဘရော့အတွက် အနိုင်ဂိုးကို ၈၈ မိနစ်၌ ကတ်တာမိုလီက သွင်းယူခဲ့သဖြင့် မစ်ဒယ်ဘရော့တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အခြားပွဲရလဒ်

ဘာမင်ဂမ်	**၀-၁ ဝက်စ်ဟမ်း**
ရက်ဒင်း	**၁-၀ အဲဗာတန်**
စပါး	**၄-၀ ဒါဘီကောင်တီ**
နယူးကာဆယ်	**၀-၀ အက်စ်တွန်ဗီလာ။**

(အင်တာနက်)

ဂျာမနီနှင့်ကစားမည့် အင်္ဂလန်အသင်းအတွက် ဆိုးလ်ကမ်းဘဲလ်နှင့် ဒေးဗစ်ဂျိမ်းစ်တို့ကို ပြန်ခေါ်



ဆိုးလ်ကမ်းဘဲလ် (ဝဲ) **နှင့် ဒေးဗစ်ဂျိမ်းစ်။** (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဩဂုတ် ၁၈

အင်္ဂလန်နိုင်ငံ လန်ဒန် မြို့ ဝင်ဘလေကွင်း၌ ဩဂုတ် ၂၂ရက်တွင် ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ဂျာမနီအသင်းနှင့် ကစားမည့်ပွဲတွင် အင်္ဂလန်အသင်းအတွက် ဆိုးလ်ကမ်းဘဲလ်နှင့် ဒေးဗစ်ဂျိမ်းစ်တို့အား ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း အင်္ဂလန်နည်းပြ မက္ကလာရင်က ပြောကြားလိုက်သည်။

စွမ်းရည်ရှိနေ

အင်္ဂလန်အသင်းသည်အတောင့်တင်းဆုံးဖြစ်ရန်အတွက် ဆိုးလ်ကမ်းဘဲလ်နှင့် ဒေးဗစ်ဂျိမ်းစ်တို့အား မိမိပြန်ခေါ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း မက္ကလာရင်က ဆက်လက်ပြောကြားသည်။ ဆိုးလ်ကမ်းဘဲလ်နှင့် ဒေးဗစ်ဂျိမ်းစ်တို့သည် ထိပ်တန်းဘောလုံးသမားများ၏ စွမ်းရည်ရှိနေဆဲဖြစ်သည် ဟုလည်း ၎င်းက ပြောကြားသည်။

အင်္ဂလန်အသင်းအတွက် လူရွေးထားရာတွင် ဂိုး-ဒေးဗစ်ဂျိမ်းစ်၊ ရော်ဘင်ဆင်၊ ကာဆင်၊ နောက်တန်း-ရစ်ချပ်၊ ဘရောင်း၊ ဖာဒီနန်၊ တယ်ရီ၊ အက်ရှ်လေကိုး၊ ဆိုးလ်ကမ်းဘဲလ်၊ တေလာ၊ နဗီးလ်၊ ရှိုရေး၊ အလယ်တန်း-ဒေးဗစ်ဘက်ဟမ်း၊ ဂျရတ်၊ လမ်းပတ်၊ ဂျိုကိုးလ်၊ ရိုက်ဖီးလစ်၊ ကာရစ်၊ ဘာရီ၊ ဒေါင်နင်း၊ ဒိုင်ယာနှင့် ဟားဂရေ့ဗ်တို့ပါဝင်ပြီး ရှေ့တန်း၌ အလန်စမစ်၊ မိုက်ကယ်အိုဝင်၊ ပီတာခရော့ချ်၊ ဘင့်တ်၊ ဂျွန်ဆင်နှင့် ဒီဖိုးတို့ဖြစ်ကြသည်။ (အင်တာနက်)

မြတ်ဗုဒ္ဓ၏ တရားစုများ စာအုပ်ဝယ်ယူနိုင်

သာသနာရေးဝန်ကြီးဌာနမှ နေ့စဉ်ထုတ်သတင်းစာများတွင် ရေးသားဖော်ပြထားပြီးဖြစ်သည့် **"လောကသားများအား လိမ္မာယဉ်ကျေးစေရန် ရည်ရွယ်ဟောပြောထားသော မြတ်ဗုဒ္ဓ၏ တရားစုများ"** ပထမတွဲစာအုပ်ကို ရန်ကုန်မြို့ ကမ္ဘာအေး ဝိသုဒ္ဓါရုံ နိဗ္ဗာန်ကုန် အရောင်းဆိုင်နှင့် ပဒေသရာဇာ စာအုပ်ဆိုင်တို့တွင် ဝယ်ယူအားပေးနိုင်ပါသည်။



ကုန်သွယ်မှုမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန မူဆယ် ၁၀၅မိုင် ကုန်သွယ်ရေးဇုန်၌ ဩဂုတ် ၅ရက်က နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ကုန်သွယ်မှုမြှင့်တင်ရေးညှိနှိုင်းအစည်းအဝေးကို ကျင်းပရာအစည်းအဝေးသို့ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ OSS အဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသအာဏာပိုင်များ၊ မူဆယ်–နမ့်ခမ်းကုန်သည်ကြီးများအသင်းမှ ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်များနှင့် ကုမ္ပဏီဝန်ထမ်းများ စုစုပေါင်း၇၂ဦးတက်ရောက်ကြသည်။

အစည်းအဝေးတွင် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ဒေသထွက်ကုန်များ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခ အပြည့်အဝရရှိရေး၊ မသမာမှုများ ကင်းရှင်းရေးနှင့်ကုန်စည်စီးဆင်းမှု ပိုမိုအဆင်ပြေ လွယ်ကူချောမွေ့စေရေးတို့အတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

(ယာပုံ) (သတင်းစဉ်)

ဖခင်အမည်မှန်

တောင်သာမြို့နယ် တလိုင်းရပ် ရွာသစ် အထက သတ္တမတန်း (C)မှ မောင်ဟိန်းဝင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့်နိုင် ၉/တသန(နိုင်) ဝ၉၇၇၃၂ ဖြစ်ပါကြောင်း။ **ဦးကျော်မြင့်နိုင်။**

ဖခင်အမည်မှန်

အထက (၄) မင်္ဂလာဒုံမြို့နယ် Grade-11(B) မှ မောင်ရဲထွဋ်ပိုင်နှင့် Grade-8(B) မှ မစုစုမျိုးပိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းအေးဖြစ်ပါသည်။ **ဦးထွန်းအေး။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအိုက်ကွေ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၃/ပယန(နိုင်) ၀၀၀၂၃၉ နှင့်အတူ ၃က/၃၄၂၉၏ (ကမ–၃) စာအုပ်နှင့် စာရွက်စာတမ်းများ တက္ကစီအငှားယာဉ်ပေါ်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
အလုံမြို့နယ် ဗဟိုလမ်း ခုပ်ဖူစားသောက်ဆိုင်
ဖုန်း–၀၉–၅၁၅၆၆၈၆၊ ၀၉–၉၉–၂၃၀၆၃၊ ၅၃၈၉၄၃။

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်ရဲမြတ်သူ** နိုင်ငံသားစိစစ်ရေး အမှတ် ၁၂/ပဘတ(နိုင်) ၀၃၁၅၃၇နှင့် ကျွန်မ **မချိုသဲမောင်** နိုင်ငံသားစိစစ်ရေး အမှတ်၁၂/ပဘတ(နိုင်)၀၃၁၁၆၈တို့သည် ၄–၈–၂၀၀၇ ရက်တွင် အစ္စလာမ်တရားတော်မြတ်နှင့်အညီ နှစ်ဦးသဘောတူနေကာပြုလက်ထပ်ပြီးစီးကြောင်းနှင့် ပုသိမ်မြို့ အမှတ်(၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရှေ့မှောက်တွင်လည်း သဘောတူ လက်မှတ်ရေးထိုးပြီးစီးပါကြောင်း။
မောင်ရဲမြတ်သူ–မချိုသဲမောင်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးသန်းအေး ၉/ညဥန(နိုင်) ၁၃၅၉၅၁ သည် ၁၇–၈–၂၀၀၇ ရက် ညနေ ၅ နာရီခန့်တွင် CITY Taxi ကက/အနက်ရောင် Crown ကားပေါ်တွင် ပိုက်ဆံအိတ်၊ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိပါ)၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အရေးကြီးစာရွက်စာတမ်းများ ကျန်ခဲ့ပါ၍ တွေ့ရှိပါက ပြန်လည်အကြောင်းကြားပေးပါရန်။
ဦးသန်းအေး (ပုဂံမင်းသား Express)
ဖုန်း–၀၉–၅၁၁၃၉၇၂၊ ၀၁–၆၆၁၉၄၂၊ ၀၁–၇၂၀၇၉၈။

မြေညီထပ်တိုက်ခန်းရောင်းမည်

စမ်းချောင်း ဗဟိုလမ်းမကြီး ၂၅ပေ x ပေ ၅၀၊ ဖုန်းပါ၊ ဗဟန်းလမ်းမတန်း ၁၅ပေ x ပေ ၅၀ တိုက်သစ်၊ ရေမီးစုံ၊ ဖုန်း–၅၅၈၃၇၅၊ ၅၄၅၃၉၅၊ ၀၉–၉၉–၂၄၃၆၃။
(ပွဲစားလိုသည်။)

ဖခင်အမည်မှန်

လပွတ္တာမြို့နယ် အလယ်ရေကျော် အလက အဋ္ဌမတန်းမှ မောင်အောင်ဖြိုးသူနှင့် ပထမတန်းမှ မောင်ကောင်းခန့်ဇော်တို့၏ဖခင်အမည်မှန်မှာ ၁၄/လပတ(နိုင်) ၁၆၇၉၁၃ဦးအောင်ကျော်လှိုင်ဖြစ်ပါကြောင်း။

သင့်သွေးဖြင့် အသက်ကယ်ပါ

ကျေးဇူးဆပ်ပါမည်

ကျွန်တော် အဘူဟူစိန်၏ နိုင်ငံကူးလက်မှတ်အမှတ် ၂၉၁၃၅၁/၉၉ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း–၀၉–၂၁၂၁၁၂၇။**

ရွှေဘိုခရိုင် တောင်သူလယ်သမားများအား စိုက်ပျိုးရေးစရိတ်ချေးငွေများ ထုတ်ပေး

ရန်ကုန် ဩဂုတ် ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စစ်ကိုင်းတိုင်း တိုင်းတာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၏မှာကြားမှုဖြင့် တောင်သူလယ်သမားများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးမြင့်ဦးဆောင်သော အလုပ်အမှုဆောင်အဖွဲ့မှ ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ ဒီပဲယင်း၊ တန့်ဆည်၊ ကန့်ဘလူ၊ ကျွန်းလှမြို့နယ်များရှိ ကျေးရွာပေါင်း ၁၁၁ ရွာမှ တောင်သူပေါင်း ၂၃၆၇ဦးအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်း ၈၀၀ ထုတ်ပေးမည်ဖြစ်သည်။

မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများမှ စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူလယ်သမားများလက်ဝယ်သို့ ဩဂုတ် ၂၂ ရက်အပြီး ကျေးရွာများသို့သွား၍ ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

ရန်ကုန်မြို့ တောင်ဒဂုံ စက်မှုဇုန်(၃) ၆၄ ရပ်ကွက် ဒဂုံရတနာမွန်အိမ်ရာ သဇင်လမ်း (ကိုသိန်းမင်းအိမ်ဆောက် သံထည်ပစ္စည်းရောင်းဝယ်ရေးဆိုင်)က နှစ်ဖက်သော ဘိုးဘွားများအား ရည်စူး၍ ဦးသိန်းမင်း–ဒေါ်ခင်ခင်ဝင်း၊ သမီး မသက်နှင်းဆုပြည့်(ခ)ပြည့်ပြည့် ခုနစ်နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွား အဆောက်အအုံအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။(က–ပ)

မြစ်ရေလျှံမှုကြောင့် ဘီးလင်းမြို့နယ် ရွှေလှေကျေးရွာရှိ ရပ်ကွက်သုံးခုမှ အိမ်ထောင်စုအချို့ ရေဘေးလွတ်ကင်းရာသို့ ရွှေ့ပြောင်းနေရာချထား

နေပြည်တော် ဩဂုတ် ၁၈

မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်၌ ဩဂုတ် ၁၇ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေလျှံပြီး ဘီးလင်းမြို့နယ် ရွှေလှေကျေးရွာရှိ ရပ်ကွက်အမှတ် ၄၊ ၁၁၊ ၁၂ တို့တွင် ရေအမြင့်လေးပေခန့်မြင့်တက်ခဲ့သဖြင့် အိမ်ခြေ ၂၅၀ခန့် ရေဘေးလွတ်ကင်းရာသို့ ရွှေ့ပြောင်းနေရာချထားပေးခဲ့ရကြောင်း သိရသည်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲ ဟိုပန်၌ကျင်းပ

ဟိုပန် ဩဂုတ် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင်ရဲတပ်ဖွဲ့၊ ကွမ်းလုံ၊ ဟိုပန် မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှင့် မိသားစုများသည် ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက ဟိုပန်မြို့ မြသိန်းတန် ပရိယတ္တိစာသင်တိုက်နှင့် မြသိန်းတန် ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြသိန်းတန်ပရိယတ္တိစာသင် တိုက်၊ တိုက်အုပ် ဆရာတော်ဘဒ္ဒန္တ ပညောဘာသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များက မေတ္တသုတ်နှင့် ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းက ဆရာတော် ဘဒ္ဒန္တ ပညောဘာသထံ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

လှူဒါန်း

ဆက်လက်၍ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တပညောဘာသထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ**(အပေါ်ပုံ)**အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဦးခင်လေးကြီး–ဒေါ်လွန်းတို့အား ရည်စူး၍ အမှတ် (၇၅)၊ ၁၁ လမ်း လမ်းမတော်မြို့နယ်နေ သမီး ဒေါ်ကျင်နု၊ ဦးအုန်းသွင်–ဒေါ်ခိုင်နှင့် သားသမီးများက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်နှင့် ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေ ကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်က လက်ခံရယူစဉ်။ (က–ပ)

ဖျာပုံ အမက(၉) ကျောင်းသား ကျောင်းသူများ ခြင်အန္တရာယ်ကင်းဝေးရေးအတွက် ခြင်ဆေးဖျန်း

ဖျာပုံ ဩဂုတ် ၁၅

ဖျာပုံမြို့ အမှတ်(၇)ရပ်ကွက် အမှတ်(၉) အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ ခြင်အန္တရာယ်ကင်းဝေးစေရေးအတွက် ဩဂုတ် ၁၂ရက် နံနက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးမှူး ဦးဟန်မင်းစိုးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တာဝန်ရှိသူများ ပူးပေါင်း၍ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးလှမျိုးကြီးကြပ်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

စဉ်ဆက်မပြတ်

မိုးရာသီကာလအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့ပူးပေါင်း၍ ဖျာပုံမြို့ပေါ်ရှိရပ်ကွက်များတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ်ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။ **(၁၅၈)**

တောင်ငူမြို့ ပသိရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့် တရားမဝင် ငါးဖမ်းနည်းများဖြင့် မဖမ်းဆီးရေးရှင်းလင်း

တောင်ငူ ဩဂုတ် ၁၂

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ပဲခူးတိုင်းငါးလုပ်ငန်းဦးစီးဌာနတို့ ဦးစီးပြီး ဩဂုတ် ၆ ရက် နံနက်ပိုင်းက တောင်ငူမြို့နယ် ပသိရေလှောင်တမံ၌ ကျင်းပသည့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ တက်ရောက်ကြ၍ ငါးမျိုးစိုက်ထည့်ကြပြီး ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်းနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ သူနာပြုသင်တန်းကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ စုံညီစွာ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပဲခူးတိုင်းငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစောအောင်ရဲထွဋ်လွင်က ငါးသယံဇာတများ ပေါကြွယ်ဝစေရေးအတွက် တရားမဝင် ငါးဖမ်းနည်းများဖြစ်သော ဘက်ထရီရှော့တိုက်ငါးဖမ်းခြင်း၊ အဆိပ်ခတ်ဆေးချ၍ ငါးဖမ်းဆီးခြင်းနှင့် ငါးရစ်ငါးသန်ငါးများကို သတ်မှတ်ကာလအတွင်း မဖမ်းဆီးရန်နှင့် ဆည်ရေလှောင်တမံများနှင့် သဘာဝမြစ်ချောင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အမျိုးအစား

ပသိရေလှောင်တမံအတွင်း မျိုးစိုက်ထည့်ပေးသည့် ငါးအမျိုးအစားမှာ ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး ငါးသန်စုစုပေါင်း သားပေါက်ကောင်ရေ နှစ်သိန်းကျော်ဖြစ်ကြောင်း သိရသည်။ **(၁၀၃)**

ဆိပ်ဖြူမြို့နယ် ထွေ/အုပ် ဦးစီးဌာနမိသားစု စာရေးကိရိယာနှင့် စာအုပ်များထောက်ပံ့ပေးအပ်

ဆိပ်ဖြူ ဇူလိုင် ၃၁

ဆိပ်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၀၇–၂၀၀၈ ပညာသင်နှစ် မိသားစုပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ဇွန်၁၅ရက် နံနက် ၉ နာရီက ဆိပ်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်နှင့် ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းသားကျောင်းသူများအား စာရေးကိရိယာနှင့်စာအုပ်များ ထောက်ပံ့ပေးအပ်သည်။**(ယာပုံ)**

ထောက်ပံ့

အခမ်းအနားတွင် အခြေခံပညာ အထက်တန်းကျောင်းသား ကျောင်းသူ ရှစ်ဦး၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၁၇ ဦး၊ မူလတန်း ကျောင်းသားကျောင်းသူ ၁၄ ဦးတို့အား စာရေးကိရိယာနှင့် စာအုပ်များပေးအပ်ထောက်ပံ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ပန်းအလှပင်များ ပုံဖော်စိုက်ပျိုး

ဖားကန့် ဩဂုတ် ၆

ဖားကန့်မြို့ကို မြို့အင်္ဂါရပ်နှင့် အညီသာယာလှပစေရန်အတွက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဘုန်းလင်း ဦးဆောင်သော ဝန်ထမ်းများသည် ဩဂုတ် ၁ ရက်က ၄က်ပျောတောရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာ အဝင်လမ်းတစ်လျှောက်တွင် ဘိုကတော်နှင့် ပုလဲသွယ်ပင်များ အတန်းလိုက်ပုံဖော် စိုက်ပျိုးမှုကို အမှုဆောင်အရာရှိဦးမြင့်အောင် ကြီးကြပ်ပေးကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေး ရောဂါကြိုတင်ကာကွယ်ရေး၊ မြို့သာယာလှပရေးအတွက် တောင်ပိုင်းရပ်ကွက် ၄ရွှေဝါလမ်းတွင် ချုံနွယ် ပေါင်းပင်များ ရှင်းလင်းခြင်းကို ဇူလိုင် ၁၇ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေး)

ရိခေါဒါရ်မြို့ စည်ပင်သာယာရေးအဖွဲ့ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

ရိခေါဒါရ် ဩဂုတ် ၁၀

ချင်းပြည်နယ် ရိခေါဒါရ်မြို့ စည်ပင်သာယာရေး အဖွဲ့တာဝန်ခံ ဒုတိယ ဦးစီးမှူး ဦးတာလီလျန်ထန်နှင့် ဝန်ထမ်းများသည် မြို့သန့်ရှင်းသာယာလှပရေးအတွက် ဩဂုတ် ၄ ရက်က တီအိုချောင်းတံတား ပန်းခြံအတွင်း ပေါင်းမြက်များ ရှင်းလင်းပြီး မြေယာရှုခင်း သာယာလှပရေးအတွက် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ရှမ်းပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန လုပ်ငန်းညှိနှိုင်း

တောင်ကြီး ဩဂုတ် ၁၇

ပြည်တွင်းအခွန်များဦးစီးဌာန ရှမ်းပြည်နယ် ၂၀၀၇-၂၀၀၈ဘဏ္ဍာနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ ကျားခေါင်းအစည်း အဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးတင်ထွန်းနိုင်က ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် ဩဂုတ်လအထိ အခွန်အရပ်ရပ် ကောက်ခံရရှိမှုနှင့် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြရာ တိုင်းမှူးက တင်ပြချက်များအပေါ် လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပရာ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် အခွန်အရပ်ရပ် လျာထားချက် ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိရေး ဆောင်ရွက်မည့် လုပ်ငန်း အခြေအနေတို့ကို ခရိုင် အခွန်ဦးစီးဌာနမှူးများနှင့် မြို့နယ်အခွန် ဦးစီးဌာနမှူးများက ရှင်းလင်းတင်ပြကြပြီး ပြည်နယ် ဦးစီးမှူးက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့၏ လုပ်ငန်းမှာကြားချက်များ ဆက်လက် လုပ်ဆောင်ရမည့် တာဝန်များနှင့်ပတ်သက်ပြီး ရှင်းလင်း ဆွေးနွေးကြကြောင်း သိရသည်။

(က-ပ)

ဒေါ်လှသိန်း၏ (၈၃) နှစ်မြောက် မွေးနေ့အလှူအဖြစ် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် မေတ္တာလမ်း အမျိုးသမီးနှင့် ကလေးဆေးရုံကြီးဝင်းနေ ဒေါ်လှသိန်းနှင့် သမီး ဒေါ်မူမူညို၊ ဒေါ်သီဂီညိုနှင့် ညီမဒေါ်ထားခင်၊ ဒေါ်စိန်စိန် မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းငါးသောင်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တသီလာစာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(စီမံ) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်၊ ယန္တရားများ သန့်ရှင်းသပ်ရပ်ရေးနှင့် လုပ်ငန်းခွင်အသုံးပြုနိုင်ရေးဆောင်ရွက်ထားမှု အခြေအနေများကို ဇူလိုင် ၁၃ ရက်က ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်စိုးတို့ကဆောင်ရွက်ထားမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဟိုပုံး၌ မိုးရာသီရွှေရင်အေးစပါး ကောက်စိုက်ပြိုင် စပါးအထွက်တိုးမည့်နည်းစနစ်များ ရှင်းလင်း

ဟိုပုံး ဩဂုတ် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၌၂၀၀၇ခုနှစ် မိုးရာသီရွှေရင်အေးစပါး ကောက်စိုက်ပြိုင်ပွဲကို ဇူလိုင်၂၀ ရက်ကကျင်းပရာ ခရိုင်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ခရိုင် စိုက်ပျိုးရေးမန်နေဂျာ၊ ခရိုင် မြေစာရင်း ဦးစီးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်ဝင်းနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးတိုးအောင်က စပါးအထွက်တိုးစေရန်အတွက် ဆောင်ရွက်လုပ်ကိုင်ရမည့် နည်းစနစ်များနှင့် ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားကာ ပြိုင်ပွဲဝင် အသင်းခုနစ်သင်းမှ ဆုရအသင်းများကို တာဝန်ရှိသူများက ဆုချီးမြှင့်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

အင်ဂျန်းယန်၌ ဝါဆိုသင်္ကန်းဆက်ကပ်

အင်ဂျန်းယန် ဩဂုတ် ၁၀

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် အင်ဂျန်းယန်မြို့ တပ်ဦးအောင်ဆုပန် ကျောင်းတိုက်တွင် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ ဝန်ထမ်းမိသားစုများ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကိုဩဂုတ် ၅ရက် ညနေ၄နာရီကကျင်းပရာ အခမ်းအနားကို နမောတသသုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး ဆက်ကပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးစောညီညီထွေး၊မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ငွေ၊သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးအရာရှိ ဗိုလ်ကြီးအောင်စံသူ၊ မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းနှင့် ဌာနဆိုင်ရာ ဝန်ထမ်း ၅၃ ဦးတို့က ဆန်အိတ်သုံးအိတ်၊ သင်္ကန်း လေးစုံ၊ လှူဖွယ်ပစ္စည်းတန်ဖိုး ၂၀၀၀၀ ဖိုးခန့်နှင့် ငွေကျပ်၂၂၀၀၀တို့ကို ကျောင်းထိုင်ဆရာတော် ဦးတေဇိန္ဒနှင့် သံဃာတော် လေးပါးတို့အား ဆက်ကပ်လှူဒါန်းကြသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

တွံတေးပညာရိပ်မွန်စာကြည့်တိုက် ရေရှည်တည်တံ့ရေး ရုပ်မြင်သံကြားပြစက်၊ မီးစက်နှင့်စာအုပ်များလှူဒါန်း

တွံတေး ဩဂုတ် ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရှမ်းစုကြီးကျေးရွာ ပညာရိပ်မွန်စာကြည့်တိုက်သို့ ရုပ်မြင်သံကြားပြစက်၊ အောက်စက်၊ မီးစက်၊ စာအုပ်စာစောင်နှင့် အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၅ ရက် နံနက် ၁၀နာရီက ကျေးရွာစာကြည့်တိုက်ခန်းမအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၏ ဖခင် ဦးသာစိန်ကရုပ်မြင်သံကြားအောက်စက်၊ မီးစက်၊ မီးထိန်းစက်နှင့် MRTV-4 အင်တင်နာတို့ကို ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

ဝန်ကြီးဦးစိုးသာ၏ဇနီး ဒေါ်ကြူကြူဝင်းက ကျေးရွာစာကြည့်တိုက် ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် တစ်နှစ်စာသတင်းစာဖိုးငွေ၊ ဒို့ကျေးရွာဂျာနယ် တစ်နှစ်စာဖိုးငွေနှင့် စာအုပ်၊ စာစောင်မျိုးစုံ အုပ်ရေ ၃၀၀၀ပေးအပ်လှူဒါန်းပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်က ပေးအပ်လှူဒါန်းသော ၂၁လက်မ ရောင်စုံ ရုပ်မြင်သံကြားပြသစက်ကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအေးသောင်းက ပေးအပ်လှူဒါန်းရာ ရှမ်းစုကြီးကျေးရွာ ပညာရိပ်မွန်စာကြည့်တိုက်မှူး ဦးစိန်မြင့်နှင့် ရပ်မိရပ်ဖများက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန

(အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၂၀-၈-၂၀၀၇ (တနင်္လာနေ့)
- ❑ The Role of The Headmaster
  - B.Ed (ဒုတိယနှစ် စာပေးစာယူကျောင်းသား ကျောင်းသူများ
- ❑ Three Focal Points
  - B.Ed (ပထမနှစ် စာပေးစာယူကျောင်းသား ကျောင်းသူများ

၂၁-၈-၂၀၀၇ (အင်္ဂါနေ့)
- ❑ Transfer of Ownership
  - LL.B Final Year
- ❑ Evolution (ဆင့်ကဲဖြစ်စဉ်)
  - မဟာသိပ္ပံအရည်အချင်းစစ် ကျောင်းသား ကျောင်းသူများ
- ❑ နဝရတ်ကိုးသွယ် ရောင်စုံခြယ်
  - ပထမနှစ်(ဘူမိဗေဒ)ကျောက်မျက်ဝါသနာရှင်များ၊ အများပြည်သူများ

၂၂-၈-၂၀၀၇ (ဗုဒ္ဓဟူးနေ့)
- ❑ မြန်မာ့စကားပြေအကြောင်း သိကောင်းစရာများ
  - ပ၊ဒု၊တနှစ်(နေ့+အဝေးသင်)မြန်မာစာကျောင်းသား ကျောင်းသူများ
- ❑ ဧရာဝတီမြစ်
  - ပ၊တနှစ်(နေ့+အဝေးသင်)ပထဝီဝင် ကျောင်းသား ကျောင်းသူများ

၂၃-၈-၂၀၀၇ (ကြာသပတေးနေ့)
- ❑ မြွေအကြောင်း သိကောင်းစရာ
  - သတ္တဗေဒ ကျောင်းသားကျောင်းသူများ၊ ဝါသနာရှင်များ
- ❑ ရေနံချောင်းမြို့၊ ကျောက်စာရုံဘုရား ကျောက်စာချပ်များ
  - သမိုင်း ကျောင်းသားကျောင်းသူများ

၂၄-၈-၂၀၀၇ (သောကြာနေ့)
- ❑ Jurisprudence And Legal Theories
  - ပထမနှစ် ဥပဒေပညာအထူးပြု နေ့ကျောင်းသားကျောင်းသူများ
- ❑ Small Signal Bipolar Amplifiers
  - တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသားကျောင်းသူများ

၂၅-၈-၂၀၀၇ (စနေနေ့)
- ❑ Book-Keeping Procedures and Cash Book
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု ကျောင်းသားကျောင်းသူများ
- ❑ Cash Book
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု ကျောင်းသားကျောင်းသူများ
- ❑ Micro Business
  - ပထမနှစ် အိမ်တွင်းစီးပွားအထူးပြု ကျောင်းသားကျောင်းသူများ
- ❑ Legal Form of Organization
  - ပထမနှစ် အိမ်တွင်းစီးပွားအထူးပြု ကျောင်းသားကျောင်းသူများ
- ❑ Measures of Dispersion (Frequency Distribution and Further of Descriptions)
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွားအထူးပြုကျောင်းသား ကျောင်းသူများ
- ❑ Measures of Dispersion
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွားအထူးပြုကျောင်းသား ကျောင်းသူများ
- ❑ Simple Linear Regression
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွားအထူးပြုကျောင်းသား ကျောင်းသူများ
- ❑ Correlation
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွားအထူးပြုကျောင်းသား ကျောင်းသူများ
- ❑ Structure of Markets
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြုကျောင်းသား ကျောင်းသူများ
- ❑ Sampling Distribution
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ အထူးပြုကျောင်းသားကျောင်းသူများ
- ❑ Index Numbers
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွားအထူးပြုကျောင်းသား ကျောင်းသူများ
- ❑ Income and Expenditure Account
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ အထူးပြုကျောင်းသားကျောင်းသူများ

၂၆-၈-၂၀၀၇ (တနင်္ဂနွေနေ့)
- ❑ Macroeconomics Policy Objectives and Instruments
  - ဒုတိယနှစ်စီးပွားရေး၊ ပြည်သူ့ရေးရာကျောင်းသားကျောင်းသူများ
- ❑ Definitions of the Management Science
  - ဒုတိယနှစ်စီးပွားစီမံအထူးပြုကျောင်းသားကျောင်းသူများ
- ❑ Transformation of Variables
  - ဒုတိယနှစ်စီးပွားရေးအထူးပြုကျောင်းသားကျောင်းသူများ
- ❑ Random Variables and Distribution Function
  - ဒုတိယနှစ်စီးပွားရေးအထူးပြုကျောင်းသားကျောင်းသူများ
- ❑ Consignment Account
  - ဒုတိယနှစ်စီးပွားစီမံအထူးပြုကျောင်းသားကျောင်းသူများ
- ❑ International Trade & Financial Institutions
  - ဒုတိယနှစ်စီးပွားရေးအထူးပြုကျောင်းသားကျောင်းသူများ
- ❑ The Role of Supervisor
  - ဒုတိယနှစ်စီးပွားစီမံအထူးပြုကျောင်းသားကျောင်းသူများ
- ❑ Linear Programming I
  - ဒုတိယနှစ်စီးပွားစီမံအထူးပြုကျောင်းသားကျောင်းသူများ
- ❑ Linear Programming II
  - ဒုတိယနှစ်စီးပွားစီမံအထူးပြုကျောင်းသားကျောင်းသူများ
- ❑ Keynesian Policy Applied to the Economy
  - ဒုတိယနှစ်ပြည်သူ့ရေးရာ အထူးပြုကျောင်းသားကျောင်းသူများ
- ❑ Management Science in Decision Making
  - ဒုတိယနှစ်စီးပွားစီမံအထူးပြုကျောင်းသားကျောင်းသူများ
- ❑ Nature of Management
  - ဒုတိယနှစ်စီးပွားစီမံအထူးပြုကျောင်းသားကျောင်းသူများ

ရန်ကုန်အဝေးသင်တက္ကသိုလ်

ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်း(စီးပွားရေးပညာ၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာနှင့် အိမ်တွင်း စီးပွားအထူးပြု)ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများကို ၁-၇-၂၀၀၇ မှ ၁၄-၁၀-၂၀၀၇ရက်အထိ စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက်၉နာရီမှ ညနေ၄နာရီအထိ ထုတ်လွှင့်ပေးပါမည်ဖြစ်ပါ၍ မိမိတို့နှင့် အနီးစပ်ဆုံး သင်ယူမှုဌာနသို့ သွားရောက်သင်ယူနိုင်ကြပါသည်။

မကွေး–ပျော်ဘွယ် (၁၄) လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းခင်းခြင်းလုပ်ငန်းဆောင်ရွက် အသစ်တည်ဆောက်မည့် ဘိလပ်မြေစက်ရုံများအတွက် ပို့လွှတ်အသုံးပြုမည်

နေပြည်တော် ဩဂုတ် ၁၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဩဂုတ် ၁၇ရက်တွင် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်လျက်ရှိသော မကွေး–ပျော်ဘွယ် (၁၄)လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းခင်းခြင်းလုပ်ငန်းကို စက်ယန္တရားများအသုံးပြု၍ ဆောင်ရွက်နေသည့် ရေငံ–ရွာမွန် အပိုင်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပို့လွှတ်

အဆိုပါ မကွေး–ပျော်ဘွယ် (၁၄)လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ အရှည်သည် စုစုပေါင်း ၈၆မိုင်ရှိပြီး လုပ်ငန်းပြီးဆုံးပါက နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများအတွက် အသစ်တည်ဆောက်မည့် ဘိလပ်မြေစက်ရုံများသို့ သဘာဝဓာတ်ငွေ့ကို ပိုက်လိုင်းမှတစ်ဆင့် ပို့လွှတ်အသုံးပြုရန်ဖြစ်သည်။

ဝန်ကြီးသည် ယနေ့နံနက် ၇နာရီတွင် မကွေးတိုင်း ချောက်–ရေနံချောင်းကားလမ်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်ရေနံမြေက ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီးအား ရှင်းလင်းဆောင်တွင် ချောက်ရေနံမြေ အထွေထွေမန်နေဂျာ ဦးစက်အောင်က ချောက်–ရေနံချောင်းကားလမ်းဘေး တောင်ကြောလျှိုမြောင်တစ်လျှောက် *စာမျက်နှာ ၉ ကော်လံ ၁* ❐

(၁၄) လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းခင်း

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်လျက်ရှိသော မကွေး–ပျော်ဘွယ် (၁၄)လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ (ခေါ်) ဦးလှမြင့် ကောက်နုတ်စုစည်းချက်ကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ဆိုသည့် စကားရပ်အစား စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ဟူ၍ ဖြည့်စွက်ချမှတ်သင့်

ရန်ကုန် ဩဂုတ် ၁၈

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ (ခေါ်) ဦးလှမြင့် ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၇ခုနှစ် ဩဂုတ်လ ၆ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက–

“၁၉၉၃ခုနှစ် စက်တင်ဘာလ ၁၆ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ နိုင်ငံတော်အခြေခံမူများအခန်းအတွက် အခြေခံမူများ ချမှတ်စဉ်က အပိုဒ်(ခ)ရှိ နိုင်ငံတော်၏ဦးတည်ချက်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ် အပိုဒ်ခွဲ(၄)တွင် “စစ်မှန်သော ပါတီစုံစနစ်ထွန်းကားရေး”ဟု လည်းကောင်း၊ အပိုဒ်(ဂ)ရှိ ပါတီစုံဒီမိုကရေစီစနစ်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူအဖြစ် “နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်”ဟု လည်းကောင်း၊ အပိုဒ်(လ)တွင် “နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်”ဟု လည်းကောင်း ဖော်ပြခဲ့ပါတယ်။

စာမျက်နှာ ၄ ကော်လံ ၁ ■

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

ရန်ကုန် ဩဂုတ် ၁၈

ကိုထွေး - စုစည်းတင်ပြသည်

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ် ဩဂုတ် ၂၀ ရက် စတင်ကျင်းပမည်

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဇွန် ၂၅ရက်မှစတင်၍ နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပခဲ့ရာ ဩဂုတ် ၁၇ရက်က ကွာတားဖိုင်နယ်(ရှုံးထွက်) ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်သည်။

အကြိုဗိုလ်လုပွဲစဉ်များ

အကြိုဗိုလ်လုပွဲစဉ်များကို နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ဩဂုတ် ၂၀ရက်နှင့် ၂၁ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ဩဂုတ် ၂၀ရက်တွင် ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ ဩဂုတ် ၂၁ရက်တွင် ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် အားကစားဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပွဲစတင်ချိန်မှာ ညနေ ၃နာရီခွဲဖြစ်သည်။

မြန်မာ (ယူ–၁၇) ဘောလုံးအသင်း ကမ္ဘောဒီးယားသို့ထွက်ခွာ

ကမ္ဘောဒီးယား နိုင်ငံတွင် ဩဂုတ် ၁၉ရက်မှ စက်တင်ဘာ ၁ရက်အထိ ကျင်းပမည့် အာဆီယံ အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အသက်(၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းသည် ဩဂုတ် ၁၇ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✻

မိုးရွာသွန်းလေသမျှ

(၁၈–၈–၂၀၀၇)

ဖျာပုံ	–	၄ ဒသမ ၈၁ လက်မ
ကျောက်ဖြူ	–	၄ ဒသမ ၃၇ လက်မ
ပဲခူး	–	၄ ဒသမ ၂၆ လက်မ
သံတွဲ	–	၂ ဒသမ ၆၃ လက်မ
ဟုမ္မလင်း	–	၂ ဒသမ ၁၇ လက်မ
ပုသိမ်	–	၂ ဒသမ ၀၅ လက်မ